# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ချမ်းသာကို ဆောင်ရွက်တတ်၏**

အလွန့်အလွန် မြင်နိုင်ခဲသော၊ အလွန့်အလွန် သိမ်မွေ့သော အလိုရှိရာအာရုံ၌ ကျရောက်ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သောစိတ်သည် ချမ်းသာကို ဆောင်ရွက်တတ်၏။

စိတ္တဝဂ်(ဓမ္မပဒ-၃၆)


၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၁၂ ရက် | ၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၀၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄) ကျင်းပစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီအစည်းအဝေး(၂/ ၂၀၂၄) ကျင်းပ

# "နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၁-၈-၂၀၂၄ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း" ကြေညာ

**နေပြည်တော် ဇူလိုင် ၃၁**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄)ကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်သည်။

ယာယီသမ္မတ ဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံယူနေသဖြင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ ယာယီသမ္မတတာဝန်ဝတ္တရားများကို လွှဲပြောင်းအပ်နှံခဲ့သောကြောင့် အစည်းအဝေးသို့ ယာယီသမ္မတ (တာဝန်) တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ နယ်စပ်ရေးရာဝန်ကြီးဌာန

*စာမျက်နှာ ၃ ကော်လံ ၁* ❑


ယနေ့ ဖတ်စရာ

မြှင့်တင်အားပေး ဝါသီးနှံဖွံ့ဖြိုးရေး — ဆောင်းပါး — စာ ၁၀

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ယာယီပိတ်ထားသည့် စာသင်ကျောင်း ၂၄၅ ကျောင်းရှိရာ ၁၃၂ ကျောင်း ပြန်လည်ဖွင့်လှစ် — ပြည်တွင်းသတင်း — စာ ၁၃

ပဲခူးမြို့နယ်အတွင်း ရေကြီးမှုဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပြတ်တောက်မှု မရှိစေရေး အလေးထားဆောင်ရွက် — ပြည်တွင်းသတင်း — စာ ၁၄

## “ရွေးကောက်ပွဲကျင်းပရေးသည် မိမိတို့အစိုးရ၏ မည်သည့်အခါမျှမပြောင်းလဲသော ရည်မှန်းချက်ပင်ဖြစ်၊ ထို့ကြောင့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်၊ မိမိအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလို”

❑ *ရှေ့ဖုံးမှ*

ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ အထူးဖိတ်ကြားထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့် တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြသည်။

ဦးစွာ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို သက်တမ်းတိုးတာဝန်ယူခဲ့သည့် ၆ လတာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့် ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာတွင် ယာယီသမ္မတ တာဝန်ဝတ္တရားများ လွှဲပြောင်းခြင်းဆိုင်ရာကိစ္စကို ဦးစွာပြောကြားလိုကြောင်း၊ ယာယီသမ္မတ ဦးမြင့်ဆွေအနေဖြင့် အာရုံကြောအားနည်းမှုခံစားရသောကြောင့် ၂၀၂၃ ခုနှစ် နှစ်ဆန်းပိုင်းမှစပြီး အထူးကုပါရဂူကြီးများပါဝင်သည့် ဆေးကုသမှုအဖွဲ့ဖြင့် ဆေးကုသမှုခံယူခဲ့ကြောင်း၊ အလားတူ ဝဲ၊ ယာမျက်စိများ၌ ဖြစ်ပွားလျက်ရှိသည့် အတွင်းတိမ်များကို ခွဲစိတ်ကုသခဲ့ရာ အမြင်အာရုံပြန်လည်ကောင်းမွန်လာခဲ့သော်လည်း အာရုံကြောအားနည်းရောဂါကို ဆက်လက်ခံစားနေရကြောင်း၊ ကျန်းမာရေးစစ်ဆေးမှုကို ပြုလုပ်ခဲ့သည့်အခါ ကျန်းမာရေးအခြေအနေသည် တိုးတက်ကောင်းမွန်လာခြင်းမရှိသေးဘဲ အစားအသောက်စားသုံးခြင်းအပါအဝင် နေ့စဉ်ပုံမှန်သွားလာလှုပ်ရှားမှုကို လုပ်ဆောင်နိုင်မှုမရှိသေးသည့်အတွက် ၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၂ ရက် ၁၁ နာရီခွဲတွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာလုပ်ငန်းများ လုပ်ဆောင်ရန်အလို့ငှာ တာဝန်လွှဲပြောင်းခြင်းပြုလုပ်ခဲ့သည်ကို တင်ပြအပ်ပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ အရေးပေါ်အခြေအနေကြေညာမှု၊ ပုဒ်မ ၄၂၁ အရ အရေးပေါ်အခြေအနေကြေညာမှု ယင်းနှစ်ခုကိုဆက်စပ်ကြည့်မည်ဆိုပါက အရေးပေါ်ကာလမပြီးမြောက်သေးသည့် ကာလအတွင်း၌ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီတွင်ပါဝင်သည့် ပုဂ္ဂိုလ်အချို့ လစ်လပ်သွားစေကာမူ ကျန်ရှိသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေကပေးထားသည့် တာဝန်များကို မလွှဲမသွေ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ယာယီသမ္မတ၏ ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ယာယီသမ္မတ မတက်ရောက်နိုင်သည်ဖြစ်စေ၊ အကြောင်းအမျိုးမျိုးကြောင့် **ယာယီသမ္မတလစ်လပ်သွားပါက ပုဒ်မ ၄၁၂(ခ)နှင့် ပုဒ်မ ၄၁၈(ခ) တွင်ပါရှိသည့် အခြေခံဥပဒေ၏ သဘောတရားများအရ နိုင်ငံတော်၏ကိစ္စရပ်များကို အဓိကအဆုံးအဖြတ်ပေးရသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို ဦးဆောင်ရန်ဖြစ်**ကြောင်း၊ **ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရလည်း နိုင်ငံတော်၏ အုပ်ချုပ်ရေးအာဏာကို နိုင်ငံတော်သမ္မတကိုယ်စား ကျင့်သုံးဆောင်ရွက်လျက်ရှိမှုသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သာဖြစ်**ကြောင်း၊ **ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ နိုင်ငံတော်၏အုပ်ချုပ်ရေးအာဏာကို သမ္မတကိုယ်စားလက်တွေ့ကျင့်သုံးဆောင်ရွက်နေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို လွှဲပြောင်းခဲ့ခြင်းဖြစ်**ကြောင်း။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် (၅)ရပ်နှင့် ဦးတည်ချက် (၉) ရပ်ကို တစိုက်မတ်မတ် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံ့တာဝန်ကို စတင်တာဝန်ယူချိန်ကတည်းက မဲမသမာမှုများအတွက် ရွေးကောက်ပွဲကျင်းပခဲ့သည့်မြို့နယ်များရှိ မဲစာရင်းများကို အသေးစိတ်စစ်ဆေးခဲ့ကြောင်း၊ မဲမသမာမှု ပြုလုပ်ခဲ့သူ တာဝန်ရှိသူများသည် ဝန်ခံခြင်းမပြုသော်လည်း သက်သေများနှင့် စစ်မေးသည့်အခါ ပေါ်လွင်ထင်ရှားသည်ကို တွေ့ရှိသောကြောင့် စစ်ဆေးတွေ့ရှိသည့် မဲမသမာမှုဆိုင်ရာတွေ့ရှိချက်များကိုထုတ်ပြန်ခဲ့ပြီး တာဝန်ရှိသူများကိုလည်း ဥပဒေအတိုင်း အရေးယူခဲ့ကြောင်း၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ဆောင်ရွက်ခဲ့ပြီး **မူလရည်ရွယ်ချက်သည် အရေးပေါ်ကာလ (၂) နှစ်ပြီးပါက ရွေးကောက်ပွဲကျင်းပပေးရန်ဖြစ်**ကြောင်း၊ **ရွေးကောက်ပွဲကျင်းပရန် မည်သို့မျှအခြေအနေမပေးသောကြောင့် သက်တမ်းကာလ(၂)နှစ်ပြည့်ပြီးနောက် အရေးပေါ်အခြေအနေ ထပ်မံကြေညာခဲ့ရ**ကြောင်း၊ အချိန်အခါနှင့် ကိုက်ညီသည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ပြင်ဆင်ချမှတ်ခဲ့ကြောင်း၊ ပြင်ဆင်ချမှတ်ခဲ့သည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်၏ နောက်ဆုံးအချက်သည်လည်း ရွေးကောက်ပွဲကျင်းပရေးပင်ဖြစ်ကြောင်း၊ **ရွေးကောက်ပွဲကျင်းပရေးသည် မိမိတို့အစိုးရ၏ မည်သည့်အခါမျှမပြောင်းလဲသော ရည်မှန်းချက်ပင်ဖြစ်**ကြောင်း၊ **ထို့ကြောင့် ရွေးကောက်ပွဲတစ်ရပ်ကျင်းပနိုင်ရေး ပြင်ဆင်မှုများ ဆောင်ရွက်နေပြီဖြစ်**ကြောင်း၊ **မိမိအနေဖြင့် ချမှတ်ထားသည့် ရည်မှန်းချက်အတိုင်း အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြု ပြောကြားလို**ကြောင်း။

> ❖ **တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်၊ ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်၊ ထိုကဲ့သို့ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကို ဆင်နွှဲနေခြင်းဖြစ်**

### တိုင်းပြည်သာယာဝပြောရေးနှင့် ပတ်သက်သည့်လုံခြုံရေးကဏ္ဍ

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် နိုင်ငံတော်၏တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ရယူပြီးသည့်နောက်ပိုင်း တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးလမ်းကြောင်းကို ဦးတည်ဆောင်ရွက်ရာတွင် ဥပဒေနှင့် အညီဆောင်ရွက်ခဲ့ကြောင်း၊ သို့သော်လည်း NUG၊ CRPH၊ PDF အမည်ခံအကြမ်းဖက်သမားများအနေဖြင့် ပြည်သူများကို အကြောက်တရားလွှမ်းမိုးလာစေရေး အကြမ်းဖက်လုပ်ရပ်များကို တရားလက်လွတ် ဥပဒေမဲ့ ယခုအချိန်ကာလအထိလုပ်ဆောင်လျက်ရှိကြောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်အထိ နိုင်ငံတစ်ဝန်း အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဟန်း/ သံဃာ ၈၄ ပါး ပျံလွန်တော်မူခဲ့ပြီး အပြစ်မဲ့ ပြည်သူ/နိုင်ငံ့ဝန်ထမ်း ၇၂၈၄ ဦး သေဆုံးခဲ့ရကြောင်း၊ ပညာရေး/ကျန်းမာရေးနှင့် လူနေအဆောက်အဦအပါအဝင် နိုင်ငံ့ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအဆောက်အဦ ၁၀၉၃၀ တို့ကို ဖျက်ဆီးခြင်း ခံခဲ့ရပြီးဖြစ်ကြောင်း၊ ထို့အပြင် ငြိမ်းချမ်းရေးကိုမလိုလားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အချို့အနေဖြင့်လည်း လက်နက်ကိုင်အကြမ်းဖက်သည့်လမ်းစဉ်ကို အခြေခံပြီး နိုင်ငံတည်ငြိမ်အေးချမ်းမှုပျက်ယွင်းအောင် နည်းလမ်းမျိုးစုံဖြင့် ဆက်လက်ပြုလုပ်နေကြောင်း၊ မိမိအနေဖြင့် EAO အဖွဲ့များကို ခေါ်ယူတွေ့ဆုံခဲ့ရာတွင် ၎င်းတို့အနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို လက်ခံသဘောတူကြောင်းကို ပြောကြားခဲ့ကြောင်း၊ သို့သော် ယခုအချိန်တွင် အချို့ EAO များအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ချိုးဖောက်နေသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကာကွယ်ရေး၊ အထူးသဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိကြောင်း၊ မိမိအနေဖြင့် ယခင်ကတည်းက ပြဋ္ဌာန်းခဲ့သည့် ပြည်သူ့စစ်မှုထမ်းဥပဒေကို အာဏာတည်စေခဲ့ပြီး နိုင်ငံတော်၏လုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးကို အမြန်ဆုံးပြန်လည်တည်ဆောက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းပေါ်တွင် ခိုင်မာစွာလျှောက်လှမ်းနိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်နေသော်လည်း အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် နိုင်ငံရေးကိစ္စကိုအကြောင်းပြပြီး လက်နက်ကိုင်အကြမ်းဖက်သည့် နည်းလမ်းများနှင့် ဖြေရှင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ၎င်းတို့အနေဖြင့် ပြည်ထောင်စုနှင့်အတူ ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ပါဝင်လျှောက်လှမ်းရေးထက် နယ်မြေအလိုက် အာဏာရရှိရေး ဆောင်ရွက်နေသည်ကို တွေ့ရကြောင်း၊ မြန်မာ့နိုင်ငံရေးသမိုင်းတွင် အကြမ်းဖက်လမ်းစဉ်ကျင့်သုံးပြီး အကျပ်ကိုင်တောင်းဆိုခဲ့သည့် ဖြစ်စဉ်များရှိခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြသကဲ့သို့ မည်သူတစ်ဦးတစ်ယောက်အတွက်မျှ အကျိုးအမြတ်မရရှိခဲ့သည်ကို တွေ့ရမည်ဖြစ်ကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် MNDAA အဖွဲ့နှင့် TNLA အဖွဲ့တို့က ဒေသတည်ငြိမ်အေးချမ်းရေးအတွက် နှစ်ဖက်သဘောတူထားသည့် ယာယီအပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကိုချိုးဖောက်ပြီး တိုက်ပွဲများဖော်ဆောင်လာခဲ့ကြောင်း၊ MNDAA အဖွဲ့အနေဖြင့် လားရှိုးဒေသတစ်ဝိုက်ရှိ နယ်မြေလုံခြုံရေးစခန်းများကို တိုက်ခိုက်ခဲ့သကဲ့သို့ လားရှိုးမြို့အတွင်းကိုလည်း ရှော့တိုက်ဒုံးများဖြင့် နေ့စဉ်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း၊ လက်ရှိအချိန်တွင်လည်း မြို့တွင်းသို့စိမ့်ဝင်ပြီး ပြည်သူ့အသက်အိုးအိမ်စည်းစိမ်များကို ဖျက်ဆီးလျက်ရှိကြောင်း၊ ၎င်းတို့နှင့် မဟာမိတ်ပြုလုပ်ထားသည့် TNLA အဖွဲ့အနေဖြင့်လည်း PDF အမည်ခံအကြမ်းဖက်အဖွဲ့များနှင့် ပူးပေါင်းပြီး နောင်ချို၊ ကျောက်မဲ၊ သီပေါ၊ မိုးကုတ်ဒေသတို့တွင်ရှိသည့် နယ်မြေလုံခြုံရေးစခန်းများနှင့် မြို့အချို့အတွင်းသို့ တိုက်ခိုက်မှုများ ပြုလုပ်ခဲ့ကြောင်း၊ ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်လာသည့်အတွက် ဒေသမတည်မငြိမ်ဖြစ်ခဲ့ရပြီး ဒေသခံတိုင်းရင်းသားများ၏ လူမှုစီးပွားဘဝများသာမက အသက်အန္တရာယ်ပါထိခိုက်ဆုံးရှုံးမှု များစွာရှိခဲ့ကြောင်း၊ အကြောင်းအမျိုးမျိုး၊ ခေါင်းစဉ်အမျိုးမျိုးပြုပြီး အေးချမ်းစွာနေထိုင်နေကြသည့် အပြစ်မဲ့ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်အပေါ် နေ့စဉ်နှင့်အမျှ ခြိမ်းခြောက်လာမှုကို ပြည်သူလူထုအနေဖြင့် အလွန်ရွံရှာစက်ဆုပ်နေသည်ကိုလည်း တွေ့ရှိရကြောင်း၊ **တပ်မတော်သည် ပြည်သူလူထုမှ ပေါက်ဖွားလာသော ပြည်သူ့တပ်မတော်ဖြစ်ပြီး နိုင်ငံတော်၏ အစိတ်အပိုင်းတစ်ခုဖြစ်**ကြောင်း၊ **ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်၊ နိုင်ငံတော်ကိုကာကွယ်ရန် အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း၊ **ထိုကဲ့သို့ ပြည်သူ့အတွက်၊ နိုင်ငံအတွက် ဦးထိပ်ထားဆောင်ရွက်ခြင်းသည် တရားသောစစ်ကို ဆင်နွှဲနေခြင်းဖြစ်**ကြောင်း၊ တပ်မတော်၏ တရားသောစစ်ဆင်နွှဲနေသည့်အပေါ်တွင် ဝန်းရံထောက်ခံအားပေးနေသည့် မျိုးချစ်လူငယ်များ၊ အဖွဲ့အစည်းများ၊ စစ်မှုထမ်းဟောင်းများနှင့် တိုင်းရင်းသား ပြည်သူလူထုအပေါ် ဂုဏ်ယူပါကြောင်း ပြောကြားလိုကြောင်း၊ အမိနိုင်ငံတော်အပေါ် ရည်ရွယ်ချက်ရှိရှိ ထိခိုက်အောင်ဆောင်ရွက်လာသည့် သောင်းကျန်းသူ အဖျက်သမားများအပေါ် ပြင်းပြသည့်၊ စုစည်းညီညွတ်သည့် အမျိုးသားရေးစိတ်၊ မြန်မာစိတ်တို့မွေးမြူပြီး နိုင်ငံတော်ကို စုပေါင်းကာကွယ်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တပ်မတော်အနေဖြင့် လားရှိုး၊ နောင်ချို၊ ကျောက်မဲ၊ သီပေါနှင့် မိုးကုတ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နယ်စပ်ဒေသစီမံခန့်ခွဲရေးကိစ္စရပ်များသည် နှစ်နိုင်ငံအစိုးရများမှ ဆောင်ရွက်ရခြင်းဖြစ်**ကြောင်း၊ **နယ်စပ်ကုန်သွယ်ရေးကို နှစ်ဖက်အစိုးရဌာနများကသာ ကြီးကြပ်ဆောင်ရွက်ရခြင်းဖြစ်**ကြောင်း၊ **အချို့နယ်စပ်ဒေသများတွင် စီမံခန့်ခွဲမှုများ ချို့ယွင်းမှုဖြစ်ပေါ်လျက်ရှိသည်ကိုတွေ့ရှိရသဖြင့် ပုံမှန်အခြေအနေသို့ ရောက်ရှိအောင်ဆောင်ရွက်ရန် လိုအပ်**ကြောင်း။

မိမိတို့အနေဖြင့် ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေးနှင့်ပတ်သက်ပြီး နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးလျက်ရှိပြီး နှစ်ဖက်ဆွေးနွေးချက်များမှ ရရှိလာသည့် သဘောထားမှတ်ချက်များကို Union Accord အဖြစ် မှတ်တမ်းတင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဆက်လက်ပြီး တွေ့ဆုံဆွေးနွေးမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် လက္ခဏာမျိုးရရှိစေရန် ပြည်ပနိုင်ငံအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထားကွဲလွဲသူများမှ အကြမ်းဖက်လမ်းစဉ်ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်း မီးကျောက်ရရှိအောင်၊ နည်းပညာများရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေး လုပ်နိုင်အောင် ကူညီပေးလျက်ရှိ**ကြောင်း။

### စီးပွားရေးကဏ္ဍ

နိုင်ငံ့စီးပွားမြင့်မားရေး ဆောင်ရွက်ရာတွင်လည်း ကုန်ထုတ်လုပ်မှုများ တိုးတက်အောင်ဆောင်ရွက်နိုင်မှသာ နိုင်ငံ၏ GDP များ တိုးတက်လာမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများတိုးတက်ရေး ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း၊ အခြေခံကုန်ထုတ်လုပ်မှုမရှိဘဲ GDP တက်လာရန် မဖြစ်နိုင်ကြောင်း၊

*စာမျက်နှာ ၄ သို့*

# ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေး ခိုင်မာမှုရှိစေရန် လိုအပ်သောကြောင့် ငွေကြေးခိုင်မာမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်

*စာမျက်နှာ ၃ မှ*

မိမိတို့ တာဝန်ယူသည့်အချိန်က ကိုဗစ်-၁၉ ပြင်းထန်စွာဖြစ်ပွားနေပြီး စီးပွားရေးကျဆင်းနေသည့်ကာလဖြစ်ကြောင်း၊ ၂၀၂၀-၂၀၂၁ ခုနှစ် **GDP တိုးတက်မှုသည် အနုတ် ၅ ဒသမ ၉ ရာခိုင်နှုန်းရှိရာမှ ရှိထားသည့် အခြေခံ စီးပွားရေးဖြစ်သည့် စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အဓိကထား အားသွန်ခွန်စိုက် ဆောင်ရွက်မှုကြောင့် ၂၀၂၁-၂၀၂၂ ခုနှစ် ၆ လတာတွင်** အပေါင်း ၂ ဒသမ ၄ ရာခိုင်နှုန်း ရရှိခဲ့ကြောင်း၊ ၈ ဒသမ ၃ ရာခိုင်နှုန်းမျှ တက်လာခြင်းဖြစ်ကြောင်း၊ ၂၀၂၂-၂၀၂၃ ခုနှစ်တွင် ၃ ဒသမ ၄ ရာခိုင်နှုန်းနှင့် ၂၀၂၃-၂၀၂၄ ခုနှစ်တွင် ၃ ဒသမ ၅ ရာခိုင်နှုန်း **စီးပွားရေး တိုးတက်မှုရခဲ့**ကြောင်း၊ **ယခု ၂၀၂၄-၂၀၂၅ ခုနှစ်တွင် ၃ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်အောင် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်နေ**ကြောင်း၊ နိုင်ငံ့စီးပွားရေးကျဆင်းပါက ကျန်သည့်အကျိုးဆက်များလည်းရှိလာမည်ဖြစ်သဖြင့် **ပြည်ပနိုင်ငံအချို့သည် စီးပွားရေးပိတ်ဆို့ခြင်း၊ ဘဏ်များလုပ်ကိုင်နိုင်မှု မရှိအောင် ပိတ်ဆို့ခြင်း၊ နယ်စပ်ကုန်သွယ်ရေး မပြုလုပ်နိုင်အောင် နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခြင်း၊ ၎င်းတို့အကျိုးအမြတ်ရရှိရေး၊ လက်ဝါးကြီးအုပ်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နည်းလမ်းပေါင်းစုံနှင့် အားပေးကူညီခြင်းများ ပြုလုပ်နေသည်ကိုတွေ့ရှိရ**ကြောင်း၊ ထို့ကြောင့် အခြေခိုင်ပြီးဖြစ်သည့် စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်းမှထုတ်ကုန်များ ထုတ်လုပ်မှုမြင့်မားစေရေး အဓိကတွန်းအားပေး ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ MSME လုပ်ငန်းများကို အားပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ပျိုးမွေးမြူရေးတောင်သူအားလုံးကို အထူးကျေးဇူးတင်ကြောင်းကို ပြောကြားလိုကြောင်း။

ပြီးခဲ့သည့်ဧပြီလအတွင်း မသမာသူဝိသမစီးပွားရေးသမားများအနေဖြင့် ငွေကြေးတန်ဖိုး ကမောက်ကမဖြစ်စေရန် ဆောင်ရွက်ခဲ့သောကြောင့် ရွှေဈေးနှင့် ငွေကြေးဈေးနှုန်းများ သဘာဝမကျဘဲ အဆမတန်ပြောင်းလဲလာအောင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအရ အရေးယူပိတ်ဆို့မှုများ လုပ်ဆောင်ခြင်း၊ ဘဏ်စနစ်များထိခိုက်ပြိုလဲအောင် လုပ်ဆောင်ခြင်း၊ ငွေကြေးများ ကမောက်ကမဖြစ်အောင် လုပ်ဆောင်ခြင်းများကို ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရသောကြောင့် လိုအပ်သည့်စည်းကမ်းဥပဒေနှင့်အညီ စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ **ငွေကြေးတန်ဖိုးတက်ခြင်း၊ ကျခြင်းထက် ငွေကြေးခိုင်မာမှုရှိစေရန် လိုအပ်သောကြောင့် ငွေကြေးခိုင်မာမှုရှိအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

မိမိတို့ တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း နိုင်ငံတော်တွင် စားသုံးဆီနှင့် စက်သုံးဆီကိစ္စများနှင့်ပတ်သက်ပြီး ပြည်သူလူထုက စိုးရိမ်စိတ်မြင့်မားအောင်ဝိသမလောဘသားများကကောလာဟလများဖြန့်ပြီး လုပ်ဆောင်ခဲ့သည့် ဖြစ်စဉ်များစွာ ရှိခဲ့သဖြင့် မိမိတို့အနေဖြင့် မှန်ကန်သည့်လုပ်ဆောင်ချက်များ၊ တိကျပြတ်သားသည့် မူများချမှတ်ပေးပြီး ပြည်သူလူထုအဆင်ပြေအောင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆန်နှင့်ပတ်သက်၍လည်း ဈေးနှုန်းကမောက်ကမဖြစ်လာနိုင်ဖွယ်ရှိသည်ကို သုံးသပ်တွေ့ရှိရသည့်အတွက် လိုအပ်သောစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပြီး ဆန်ဈေးနှုန်းတည်ငြိမ်စေရန် ဆောင်ရွက်ခဲ့ကြောင်း၊ အခြေခံပြည်သူလူထု စားရေးကိစ္စအဆင်ပြေစေရန် မိသားစုအလိုက်လိုအပ်နိုင်မည့် ဆန်ပမာဏများကို နိုင်ငံတစ်ဝန်း ရောင်းချပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် **နိုင်ငံရေးသည် စီးပွားရေးပင်ဖြစ်သည်ဟုခံယူပြီး ပြည်သူများ စားဝတ်နေရေးပြေလည်မှုမှတစ်ဆင့် လူနေမှုအဆင့်အတန်း မြင့်မားလာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အဓိကရည်မှန်းချက်ထားပြီး ဆောင်ရွက်နေခြင်းဖြစ်**ကြောင်း။

**လူမှုရေးကဏ္ဍ**

နိုင်ငံတစ်ခု ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည်အရေးကြီးကြောင်း၊ ထို့ကြောင့် ပညာရေးနှင့် ပတ်သက်ပြီး ကျောင်းနေအရွယ် ကလေးအားလုံး ပညာသင်ကြားနိုင်ရေး၊ KG+9 အထိ မသင်မနေရသင်ကြားနိုင်ရေးတို့အတွက် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ KG+9 ပြီးမြောက်ပါက KG+10 မှ KG+12 အထိ ၃ နှစ်တာ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုဘာသာရပ်များ ဆက်လက်သင်ကြားနိုင်ပါက အခြေခံအလုပ်အကိုင်ကို ရရှိစေမည်ဖြစ်သကဲ့သို့ ဆက်လက်ပညာသင်နိုင်ပါက ကိုက်ညီသည့် ဒီပလိုမာ/ဘွဲ့များ ရရှိမည်ဖြစ်သည့်အတွက် ကုန်ထုတ်လုပ်မှုကျွမ်းကျင်သော လူသားအရင်းအမြစ်များရမည်ဖြစ်ကြောင်း၊ **စနစ်သစ်ပညာရေးအရ KG+12 အတန်းကို ရောက်ပါက အသက်အရွယ်အားဖြင့် အသက် ၁၇ နှစ်၊ ၁၈ နှစ်ဝန်းကျင်ရောက်ရှိသည့်အရွယ်ဖြစ်**ကြောင်း၊ **၁၈ နှစ်ဆိုပါက ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် အရွယ်ဖြစ်**ကြောင်း၊ **ဒီမိုကရေစီနိုင်ငံတော်ကို ထူထောင်မည်ဆိုပါက ဥပဒေကို နားလည်ရန်လို**ကြောင်း၊ **ထို့ကြောင့် အဆိုပါအတန်း၊ အဆိုပါအရွယ်ကတည်းက ဥပဒေ ဗဟုသုတများကြွယ်ဝနေစေရေး ဆွေးနွေးသင်ကြားဆောင်ရွက်ရန်လို**ကြောင်း။

ယခုပညာသင်နှစ်တွင် နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့် ဖွင့်လှစ်နိုင်ခဲ့ကြောင်း၊ အခြေခံပညာအဆင့် ကျောင်းတက်ရောက်မှုအနေဖြင့် မူလစာရင်းသွင်းထားသူများအနက်မှ ၉၂ ရာခိုင်နှုန်းကျော်ရှိသည့်အတွက် ရာနှုန်းပြည့်ကျောင်းတက်နိုင်ရေးနှင့် ကျောင်းများ ဖွင့်လှစ်နိုင်ရေး တာဝန်ရှိသူများနှင့်လက်တွဲပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေအသက်ပိုင်းခြားအရ ယခုထက်ပိုပြီး ကျောင်းတက်ရောက်သူဦးရေများရရန် လိုအပ်မှုများရှိနေသေးကြောင်း၊ စာသင်ကျောင်းများဖွင့်လှစ်သည့် ဒေသများအားလုံးတွင် ကျောင်းနေအရွယ်ကလေးများ ကျောင်းတက်နိုင်ရေးနှင့် ပညာရေးလမ်းကြောင်းပေါ်ကို ရောက်ရှိရေး ဦးစားပေးဆောင်ရွက်သွားရန် လိုအပ်ကြောင်း။

၂၀၂၃ ခုနှစ်မှစပြီး ပညာရေးညီလာခံကို ကျင်းပခဲ့ကြောင်း၊ ယခုနှစ်တွင်လည်း ပြီးခဲ့သည့်လက ကျင်းပခဲ့ပြီးဖြစ်ကြောင်း၊ ပညာရေးညီလာခံများမှရရှိသည့် ဖော်ထုတ်ချက်များကို မြန်မာနိုင်ငံပညာရေးကဏ္ဍမြင့်မားရေးအတွက် အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ **နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်သည် ပညာရေးအပေါ်တွင် အခြေခံခြင်းကြောင့် ပညာရေးအဆင့်တိုးတက်လာရန် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသား/ ကျောင်းသူများ၊ မိဘများနှင့် အုပ်ချုပ်သူအဖွဲ့အစည်းများကပါ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန်လို**ကြောင်း၊ **"အမျိုးသား စည်းကမ်း အစ စာသင်ကျောင်းက"** ဟု ဆိုသည့်အတိုင်း ကျောင်းစည်းကမ်းလိုက်နာခြင်းမှစပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများကို လေးစားလိုက်နာတတ်သည့်၊ နိုင်ငံကြီးသားကောင်းပီသသည့် အလေ့အကျင့်ကောင်းများ ကိန်းအောင်းလာအောင် သင်ကြားလေ့ကျင့်ပေးရန်လိုကြောင်း။

ကျန်းမာရေးကဏ္ဍမြင့်တင်မှုနှင့် ပတ်သက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုအဆင့်အတန်း ယခုထက်ပိုမိုမြင့်မားလာစေရေး ယခုဘဏ္ဍာနှစ်အတွင်း မြို့နယ်ဆေးရုံနှင့်အထက် ဆေးရုံများကို အဆင့်မြှင့်တင်သွားမည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံးစက်ကိရိယာများ ဖြည့်တင်းရန် စီစဉ်ဆောင်ရွက်နေကြောင်း၊ **ယခုနှစ်အတွင်း ဆေးရုံသုံးပစ္စည်းကိရိယာများ ဝယ်ယူဖြည့်တင်းခြင်းနှင့် ဆေးရုံများတိုးချဲ့ဆောက်လုပ်ခြင်းအတွက် သီးသန့်ရန်ပုံငွေမှ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ကျပ်ငွေ ၁၁၆ ဒသမ ၈ ဘီလီယံကို အသုံးပြုသွားမည်ဖြစ်**ကြောင်း။

ကျန်းမာရေးနှင့်ပတ်သက်ပြီး လစ်လပ်သွားခဲ့သည့် ကျန်းမာရေးဝန်ထမ်းနေရာများကို ပြည့်မီစွာ ပြန်လည်ခန့်အပ်နိုင်ရန်အတွက် **"ဆေးရုံတိုင်း ဆရာဝန်ရှိရမည်"** ဆိုသည့် မူကိုချမှတ်ပြီး မိမိတို့အစိုးရအနေဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံရေးဝါဒမှိုင်းကြောင့် တာဝန်မှ လုပ်ငန်းခွင်စွန့်ခွာသွားသည့် ကျန်းမာရေးဝန်ထမ်းများ၏ နေရာများတွင် ပြန်လည်အစားထိုး ခန့်အပ်ပေးနိုင်ရန် အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် ယနေ့အချိန်တွင် နိုင်ငံတစ်ဝန်း ဆေးပေးခန်း ၇၂၇၈ ခုနှင့် ဆေးရုံပေါင်း ၇၅၇ ရုံတွင် ကျန်းမာရေးဝန်ထမ်း ၆၈၂၅၈ ဦးနှင့် ပြည်သူလူထု၏ကျန်းမာရေးကို စောင့်ရှောက်မှုပေးလျက်ရှိကြောင်း၊ လူသားတိုင်း၏ ကျန်းမာရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များကို ပြည့်ဝစွာရရှိစေရေး ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ချမှတ်ထားသည့် လူမှုရေးဦးတည်ချက်တွင်ပါဝင်သော **"တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး"** ဆိုသည့်အချက်ကို အထောက်အပံ့ဖြစ်စေရန် လာမည့် ဒီဇင်ဘာလအတွင်း၌လည်း ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်ကို ကျင်းပရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် နှစ်စဉ်မိုးရာသီကာလတွင် ရေကြီးရေလျှံမှု အနည်းနှင့် အများ ဖြစ်ပေါ်တတ်သည့်နိုင်ငံဖြစ်ကြောင်း၊ ယခုနှစ်တွင်လည်း မိုးဦးကာလအစကတည်းက ယခင်နှစ်များထက် မိုးရွာသွန်းမှုပိုမိုများပြားလာပြီး မြန်မာနိုင်ငံအထက်ပိုင်း မြစ်ကြီးနားဒေသမှစတင်ကာ ရေကြီးရေလျှံမှုများ ဖြစ်ခဲ့ကြောင်း၊ လက်ရှိအခြေအနေအထိ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း၊ အဆိုပါသဘာဝဘေးအန္တရာယ်ကျရောက်နေမှုကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ တာဝန်သိ လူမှုအဖွဲ့အစည်းများအားလုံးက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ တက်ကြွစွာဆောင်ရွက်ပြီး ပြည်သူ့အကျိုး သယ်ပိုးလျက်ရှိကြောင်း။

**စားရေရိက္ခာဖူလုံရေး**

ကမ္ဘာ့လူဦးရေတိုးတက်လာသည်နှင့်အမျှ စားရေရိက္ခာလိုအပ်မှု Demand ကလည်း အချိုးကျမြင့်တက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရာသီဥတုနှင့် ပထဝီအနေအထားက ကောက်ပဲသီးနှံမျိုးစုံ၊ သစ်သီးဝလံမျိုးစုံနှင့် မွေးမြူရေးလုပ်ငန်းများ ကောင်းစွာ ဖြစ်ထွန်းနိုင်သည့်နိုင်ငံဖြစ်ခြင်းကြောင့် ထိရောက်အကျိုးရှိစွာအသုံးချနိုင်ရန် လိုအပ်ကြောင်း၊ **၂၀၂၄-၂၀၂၅ ခုနှစ်အတွင်း မိုးစပါးစိုက်ဧက ၁၅ သန်းကျော် လျာထားပြီး လက်ရှိအချိန်တွင် ပျမ်းမျှ ၇၀ ရာခိုင်နှုန်းနီးပါး စိုက်ပျိုးပြီးဖြစ်**ကြောင်း၊ မိုးသီးနှံများအနေနှင့် မြေပဲ၊ နှမ်း၊ နေကြာစသည့် ဆီထွက်သီးနှံလျာထားဧက ၄ ဒသမ ၆ သန်းကျော်ရှိပြီး ပျမ်းမျှ ၈၁ ရာခိုင်နှုန်းကျော်၊ ပဲအမျိုးမျိုး လျာထားဧက ၃ သန်းကျော်ရှိပြီး ပျမ်းမျှ ၇၀ ရာခိုင်နှုန်းခန့် စိုက်ပျိုးပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးနှင့် ပတ်သက်ပြီး အဓိကစိုက်ပျိုးသီးနှံများကို သီးထပ်စိုက်ပျိုးမှု ဆောင်ရွက်ပြီး ၁ ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်စေလျက်ရှိကြောင်း၊ ထို့ပြင် မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်ပြီး စနစ်တကျမွေးမြူခြင်းနှင့် မွေးမြူရေးထုတ်ကုန်များ တိုးတက်အောင် ဆောင်ရွက်နိုင်ပါက ပြည်တွင်းသားငါးဖူလုံမှုသာမက ပြည်ပသွင်းကုန်ကို အစားထိုးနိုင်ပြီး အဓိကပို့ကုန်ကဏ္ဍအဖြစ် ပါဝင်လာနိုင်စေသည်အထိ အကျိုးရှိစေနိုင်ကြောင်း။

*စာမျက်နှာ ၅ သို့*

◆ **လက်နက်ကိုင်ပဋိပက္ခ သက်ဆိုးရှည်ရေးနှင့် မြန်မာနိုင်ငံအပေါ် ၎င်းတို့လိုချင်သည့် လက္ခဏာမျိုးရရှိစေရန် ပြည်ပနိုင်ငံအချို့သည် လက်နက်ကိုင်သောင်းကျန်းသူများ၊ နိုင်ငံရေးသဘောထား ကွဲလွဲသူများမှ အကြမ်းဖက်လမ်းစဉ် ဆောင်ရွက်နေကြသည့် အဖွဲ့အစည်းများကို ငွေကြေးရရှိအောင်၊ အစားအသောက်ရရှိအောင်၊ ဆေးဝါးရရှိအောင်၊ လက်နက်ခဲယမ်း မီးကျောက်ရရှိအောင်၊ နည်းပညာများ ရရှိအောင်၊ အုပ်ချုပ်ထောက်ပံ့မှုအခွင့်အလမ်းများ ရရှိအောင် လုပ်ဆောင်လျက်ရှိပြီး ပြည်ဖျက်မီဒီယာများကိုလည်း စိတ်ဓာတ်စစ်ဆင်ရေးလုပ်နိုင်အောင် ကူညီပေးလျက်ရှိ**

❂ **ပြည်ပနိုင်ငံအချို့သည် စီးပွားရေးပိတ်ဆို့ခြင်း၊ ဘဏ်များလုပ်ကိုင်နိုင်မှု မရှိအောင် ပိတ်ဆို့ခြင်း၊ နယ်စပ်ကုန်သွယ်ရေး မပြုလုပ်နိုင်အောင် နည်းလမ်းပေါင်းစုံဖြင့် ပြုလုပ်ခြင်း၊ ၎င်းတို့အကျိုး အမြတ်ရရှိရေး၊ လက်ဝါးကြီးအုပ်ဆောင်ရွက်နိုင်ရေးအတွက် နယ်စပ်ဒေသရှိ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များကို နည်းလမ်းပေါင်းစုံနှင့် အားပေး ကူညီခြင်းများ ပြုလုပ်နေသည်ကိုတွေ့ရှိရ**



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် တင်ပြဆွေးနွေးစဉ်။



ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တင်ပြဆွေးနွေးစဉ်။



ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တင်ပြဆွေးနွေးစဉ်။



ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် တင်ပြဆွေးနွေးစဉ်။



နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် တင်ပြဆွေးနွေးစဉ်။

*စာမျက်နှာ ၄ မှ*

**မြန်မာနိုင်ငံတွင် မိုးစပါး ၁၅ သန်းနှင့် နွေစပါး ၂ သန်းစိုက်ပျိုးထားကြောင်း၊ လယ်အနေဖြင့် ၂ ရပ်ပေါင်း ၁၅ သန်းခန့် စိုက်ပျိုးထားသည့်အတွက် ၁ ဧက ပန်းတိုင်ရည်မှန်းချက်တင်း ၁၀၀ ထွက်ပါက လူဦးရေ သန်း ၁၀၀ စာအတွက် ဝမ်းစာဖူလုံမှုရှိ**ကြောင်း၊ ယင်းသည် **တစ်သီးသာဖြစ်ပြီး သီးထပ်စိုက်ပါက သန်း ၂၀၀ စာအတွက် ဖူလုံမှုရှိ**ကြောင်း၊ ထို့ကြောင့် လယ်စပါးစိုက်ပျိုးခြင်းကပင် ဆန်ပိုလျှံမှုများစွာရှိပြီး ပြည်ပဝင်ငွေများစွာ ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အခြား ဝါ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများလည်း ပန်းတိုင်ရည်မှန်းချက်ရအောင် ဆောင်ရွက်နိုင်ပါက စိုက်ဧက မတိုးချဲ့ဘဲနှင့်ပင် များစွာပိုလျှံမည်ဖြစ်သည့်အတွက် အားသွန်ခွန်စိုက် အလုပ်လုပ်ကြရန်နှင့် လုပ်နိုင်အောင် ဖန်တီးပေးရန်ပင်လိုကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ၁၅ နှစ်နှင့်အထက် အလုပ်လုပ်ကိုင်နေသူ ၄၁ ဒသမ ၂ ရာခိုင်နှုန်းသည် လယ်ယာ၊ သစ်တောနှင့် ငါးလုပ်ငန်းများတွင် အလုပ်လုပ်ကိုင်နေကြကြောင်း၊ အဆိုပါနယ်ပယ်တွင်ရှိကြသည့် လုပ်သားအင်အားကို လူသားအရင်းအမြစ်ကောင်းများအဖြစ် မွေးထုတ်ပေးရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းသည် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများပင်ဖြစ်ကြောင်း၊ မွေးမြူရေးလုပ်ငန်းများ၌ ဒေသမျိုးရင်းတိရစ္ဆာန်များကိုပင် လှောင်မွေးစနစ်ဖြင့် မွေးမြူပြီး စိုက်ပျိုးရေးမှရရှိသည့် ဆန်ကွဲ၊ ဖွဲ၊ ပြောင်း၊ ပဲဖတ်၊ နှမ်းဖတ်၊ ကောက်ရိုးတို့ဖြင့် အစာရေစာကို စနစ်တကျကျွေးမွေးပါက စီးပွားရေးအရ များစွာတွက်ခြေကိုက်နိုင်ကြောင်း၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအောင်မြင်နေသည့်နိုင်ငံများ၏ စိုက်ပျိုးရေးနှင့် မွေးမြူရေးနည်းလမ်းများကို လေ့လာပြီး ခေတ်မီနည်းစနစ်များဖြင့် လက်တွေ့ဆောင်ရွက်နိုင်ရန် စီမံပေးလျက်ရှိကြောင်း။

**စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပါက နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာမည်ဖြစ်သည့်အတွက် ဖိတ်ခေါ်**ပါကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းသည် တိုင်းပြည်အတွက် သေချာသည့်စီးပွားရေးတစ်ခုဖြစ်ခြင်းကြောင့် ပန်းတိုင်အထွက်နှုန်းများပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

**ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)တွင်ပါရှိသည့် ဝိသေသလက္ခဏာအများစုမှာ ပြည်ထောင်စု (ဖက်ဒရယ်)စနစ်နှင့် ကိုက်ညီသည်ကို လေ့လာတွေ့ရှိရကြောင်း၊ ပထမဦးစွာ ဖက်ဒရယ်ပုံစံမူများဖြစ်သည့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့်တွင် လွှတ်တော်နှင့်အစိုးရ ၂ ရပ်ဖွဲ့စည်းထားရှိခြင်း၊ တိုင်းဒေသကြီး/ ပြည်နယ်များတည်ရှိမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာမခံပေးထားခြင်း၊ ထို့ပြင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရနယ်မြေ ၆ ခု တည်ရှိခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အသေးစိတ်ဖော်ပြထားခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဘဏ္ဍာရေးခွဲဝေကျင့်သုံးမှုကိုလည်း သတ်မှတ်ပြဋ္ဌာန်းထားခြင်းတို့ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပုဒ်မများဖြင့် တိတိကျကျဖော်ပြထားရှိပြီးဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ ပေးထားသည့် အခွင့်အရေးများကို အသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ရေး ကြိုးပမ်းကြရန်သာလိုအပ်ကြောင်း၊ လိုအပ်ချက်အရ အခြေခံဥပဒေပြင်ဆင်ရေးလုပ်ငန်းများကိုလည်း စည်းကမ်းနှင့်အညီ ပြုပြင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် တည်ဆောက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ခရိုင် ၄၆ ခု တိုးချဲ့ဖွဲ့စည်းပေးခဲ့ပြီး စုစုပေါင်းခရိုင် ၁၂၁ ခုနှင့် ထိရောက်သည့်အုပ်ချုပ်ရေးကိုဖြစ်ပေါ်လာအောင် ၂၀၂၂ ခုနှစ်ကတည်းက ဖော်ဆောင်ပေးခဲ့ကြောင်း၊ ခရိုင်များ၏ဦးဆောင်မှုဖြင့် မြို့နယ်/ ဒေသအားလုံး တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက်၊ ခရိုင်အလိုက် မိမိတို့ရရှိထားသည့် လုပ်ပိုင်ခွင့်များကိုအသုံးချပြီး မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းအကောင်အထည်ဖော်ကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်သည့်နေရာတွင် တိုင်းဒေသကြီးများနှင့် ပြည်နယ်များအနေဖြင့်လည်း မိမိတို့ဒေသများတွင် ရွေးကောက်ပွဲမှတစ်ဆင့် ဖြစ်ပေါ်လာသည့် အစိုးရများပေါ်ပေါက်လာစေရန် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် သတ်မှတ်ရာခိုင်နှုန်းပြည့်မီအောင် အတတ်နိုင်ဆုံးရွေးကောက်ပွဲများကျင်းပနိုင်ရန်လိုအပ်ကြောင်း၊ ထို့အတွက် လိုအပ်သည့်လုံခြုံရေးလုပ်ငန်းစဉ်များကို တိုင်းဒေသကြီးများနှင့် ပြည်နယ်များအလိုက် ယခုအချိန်ကတည်းက စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းသည့်အခါတွင် တစ်ဦးနှင့်တစ်ဦး သဘောထားကွဲလွဲမှုများရှိသည်ကို နားလည်လက်ခံကြောင်း၊ ကိုယ်စီ၏လိုလားချက်များကို အကြမ်းဖက်သည့်လမ်းစဉ်နှင့် လက်နက်ကိုင်တောင်းဆိုခြင်းကို မည်သည့်နိုင်ငံ၊ မည်သည့်လူ့အဖွဲ့အစည်းကမှ လက်မခံခြင်းကြောင့် ဥပဒေနှင့်အညီသာ တောင်းဆိုကြရမည်ဖြစ်ကြောင်း၊ လွှတ်တော်မတိုင်မီ ဥပဒေမထုတ်ပြန်နိုင်သေးချိန်တွင်လည်း ပြည်ထောင်စုမှ ဥပဒေကဲ့သို့ အာဏာတည်သည့် အမိန့်နှင့်ညွှန်ကြားချက်များ ထုတ်ပြန်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ **ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးကို ဥပဒေနှင့်အညီသာ တောင်းဆိုရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီသာ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်လည်းဖြစ်**ကြောင်း။

**ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်**ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲတစ်ရပ် အောင်မြင်စွာကျင်းပနိုင်ရန်အတွက် ခိုင်လုံသည့် အခြေခံမဲစာရင်းများ ရရှိရန် လိုအပ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းမှားယွင်းမှုများကြောင့် နိုင်ငံ့သမိုင်းတွင် အလွန်ဆိုးရွားသည့် အမည်းစက်ဖြစ်ခဲ့ရသည့်အဖြစ်မျိုး ထပ်မံမဖြစ်စေရေး အဖြစ်နိုင်ဆုံး မဲစာရင်းမှန်ကန်အောင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှန်ကန်မှုရှိစေရေးအတွက် လိုအပ်သည့်ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို လာမည့် အောက်တိုဘာလတွင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အောင်မြင်စွာကောက်ယူနိုင်ရေးနှင့် စာရင်းကောက်ယူရာတွင် တွေ့ကြုံလာနိုင်သည့်အခက်အခဲများကို ဖြေရှင်းနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေကြောင်း။

တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မြေပြင်ရှိစာရင်းများကို ဦးစားပေးကောက်ယူသွားမည်ဖြစ်ကြောင်း၊ မြေပြင်ကွင်းဆင်းကောက်ယူရန် အခက်အခဲရှိသည့် နေရာများအတွက်လည်း မြေပြင်တွင်ရှိသည့်စာရင်းများနှင့် အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး စာရင်းကိုက်ညီမှုရရှိသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကောက်ယူ၍ရနိုင်သည့် မြို့ရွာများကို ဦးစွာကောက်ယူပြီး ဆက်စပ်မြို့နယ်များကို လုံခြုံရေးရယူကာ ဆက်လက်ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြုလုပ်ရာတွင်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် ရွေးကောက်ပွဲဥပဒေများနှင့်အညီ ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ဒေသအလိုက် လုံခြုံရေးအခြေအနေပေါ်မူတည်ပြီး ကျင်းပနိုင်သည့် နယ်မြေများကို ဦးစွာကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ လတ်တလောလုံခြုံရေးအခြေအနေအရ ကျင်းပနိုင်ခြင်းမရှိသေးသည့် နယ်မြေများကိုလည်း လုံခြုံရေးကောင်းမွန်အောင် တိုးမြှင့်ဆောင်ရွက်ပြီး ဆက်လက်ကျင်းပနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းမှသာ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် မှန်ကန်သည့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **လုံခြုံရေးပိုင်းနှင့် ပတ်သက်ပြီး လုပ်သင့်လုပ်ထိုက်သည်များကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ပြန်လည်မှတ်ပုံတင်ခွင့်နှင့် အသစ်တည်ထောင်မှတ်ပုံတင်ခွင့်တင်ပြလာသည့် နိုင်ငံရေးပါတီ ၆၇ ပါတီအနက်မှ နိုင်ငံရေးပါတီ ၅၀ ကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး နိုင်ငံရေးပါတီ ၂ ပါတီကို ဥပဒေနှင့်အညီ ပါတီမှတ်ပုံတင်ခွင့် ပယ်ဖျက်ခဲ့သည့်အတွက် လက်ရှိတည်ဆဲနိုင်ငံရေးပါတီ ၄၈ ပါတီရှိပြီဖြစ်ကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မဲဆန္ဒရှင်များမဲပေးရာတွင် အဆင်ပြေစေရန်နှင့် ပွင့်လင်းမြင်သာမှုရှိစေရန်အတွက် နေပြည်တော်အပါအဝင် တိုင်းဒေသကြီး/ပြည်နယ် ၅ ခုရှိ မြို့နယ်စုစုပေါင်း ၁၂ ခုတွင်ရှိသည့် ဒေသခံပြည်သူ ၁၀၇၂၉၉ ဦးကို မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine)နှင့် စပ်လျဉ်းသည့် ရှင်းလင်းပြသခြင်းများ၊ လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ဆက်လက်လျှောက်လှမ်းရေးနှင့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးအာမခံထားပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် **NUG နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် မြန်မာနိုင်ငံအကျိုးကို မလိုလားသည့်နိုင်ငံများ၏ ထောက်ပံ့မှုများ ရယူကာ အကြမ်းဖက်တိုက်ခိုက်မှုများကို တိုးမြှင့်လုပ်ဆောင်နေ**လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီယဉ်ကျေးမှုကိုမလိုလားသည့် လက်နက်ကိုင်အဖွဲ့အချို့အနေဖြင့်လည်း ဥပဒေမဲ့လုပ်ရပ်များနှင့် နယ်မြေချဲ့ထွင်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နေသည်ကို သိသာထင်ရှားစွာ တွေ့မြင်နေရကြောင်း၊ ထို့ကြောင့် နိုင်ငံတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအခြေအနေများကို ပြန်လည်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရှိဆောင်ရွက်နေသည့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်နိုင်ရန်နှင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးတစ်ရပ် ကျင်းပနိုင်ရန်လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ၊ ရွေးကောက်ပွဲဆိုင်ရာ ထပ်ဆင့်ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ အရ

*စာမျက်နှာ ၆ သို့*

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အဓိကရည်မှန်းချက်သည် လွတ်လပ်၍ တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပနိုင်ရေးပင်ဖြစ်

*စာမျက်နှာ ၅ မှ*

အထက်ပါတင်ပြခဲ့သည့် လုပ်ဆောင်ရမည့်လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဆက်လက်တာဝန်ယူထမ်းဆောင်ခွင့်ကို ထပ်မံ၍ (၆ လ) သက်တမ်း တိုးမြှင့်ပေးနိုင်ရန် တင်ပြအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ တင်ပြချက်များနှင့် စပ်လျဉ်း၍ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက ဆွေးနွေးတင်ပြကြရာ ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က မကြာမီ ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းနှင့် ပတ်သက်၍ အနည်းငယ်ဆွေးနွေးတင်ပြလိုပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် မိမိတို့နိုင်ငံအတွက် မဖြစ်မနေဆောင်ရွက်ရမည့် အရေးကြီးလုပ်ငန်းရပ်တစ်ခုဖြစ်ကြောင်း၊ နောင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် တိကျမှန်ကန်သော မဲစာရင်းများသည် ပြည်လုံးကျွတ်သန်းခေါင်စာရင်း အချက်အလက်များ အပေါ်အခြေခံရပါကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းနှင့် အခြေခံမဲစာရင်းပြုစုရေးလုပ်ငန်းများသည် ဆက်စပ်ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းများဖြစ်ပါကြောင်း၊ လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ သန်းခေါင်စာရင်းကောက်ယူခြင်းနှင့် ပတ်သက်၍ လုပ်ငန်းသဘောသဘာဝအရ အဆင့်ဆင့်သောလုပ်ငန်းစဉ်များကို တစ်ဆင့်ပြီးတစ်ဆင့် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ ထိုကဲ့သို့ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အချိန်ကာလအတိုင်းအတာတစ်ခုအထိ အချိန်ယူရမည်ဖြစ်ပါသဖြင့် နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေကြေညာထားသည့် ကာလကို ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁ ရက်မှစ၍ နောက်ထပ် ၆ လ သက်တမ်းတိုးမြှင့်ခြင်းကို ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ဆွေးနွေးရာတွင် ပထမအချက်အနေဖြင့် ယာယီသမ္မတ ဦးမြင့်ဆွေသည် ကျန်းမာရေးအခြေအနေအရ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၂၊ ပုဒ်မ ၄၁၇၊ ပုဒ်မ ၄၁၉ ၊ ပုဒ်မ ၄၂၅ တို့အရ ယာယီသမ္မတတာဝန်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ထမ်းဆောင်မှုအပေါ်ထောက်ခံပါကြောင်း၊ ဒုတိယအချက်အနေဖြင့် လက်ရှိတွင် နိုင်ငံတော်၏ လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်မှုများသည် ပြီးပြတ်မှုမရှိသေးပါကြောင်း၊ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည်လည်း အရေးကြီးသည့်လုပ်ငန်းရပ် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ယင်းကိစ္စများကို ဆက်လက်ဆောင်ရွက်နိုင်ရေး နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လက်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေဖြင့် သက်တမ်းတိုးထားသည့် ကာလအတွင်း နိုင်ငံတော်တည်ငြိမ်ရေးကို အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ၂၀၂၄ ခုနှစ် ဇူလိုင်လဆန်းမှစ၍ အကြမ်းဖက်သမားများသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့အတွင်းရှိ လုံခြုံရေးဆိုင်ရာတပ်စခန်းများကို သာမက သာမန်ပြည်သူများနေထိုင်သည့် မြို့၊ ရွာများအား ရှော့တိုက်ဒုံး၊ ဒရုန်းများ အသုံးပြု၍ တိုက်ခိုက်ခြင်းများ ပြုလုပ်ခဲ့ကာ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကို မလွှဲမရှောင်သာရယူ တာဝန်ထမ်းဆောင်ခဲ့ရခြင်းဖြစ်ပြီး နိုင်ငံ၏အခြေအနေ လုံခြုံတည်ငြိမ်လာသည့်အချိန်တွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို မလွဲမသွေ ကျင်းပပေးကာ နောင်ပေါ်ပေါက်လာမည့်အစိုးရကို နိုင်ငံတော်အာဏာအား စနစ်တကျ ပြန်လည်လွှဲပြောင်းပေးရန် ကြိုးပမ်း

> **“ စိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများတွင် ငွေကြေးအရင်းအနှီး တတ်နိုင်သူများအနေဖြင့် ဝင်ရောက်ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်ပါက နိုင်ငံ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးတက်လာပြီး ကုန်ထုတ်လုပ်ငန်းများ ပိုမိုတိုးတက်လာမည် ဖြစ်သည့်အတွက် ဖိတ်ခေါ် ”**

ဆောင်ရွက်လျက်ရှိကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရာတွင် လွတ်လပ်၍ တရားမျှတပြီး လွတ်လပ်စွာ မဲပေးနိုင်ရေးအတွက် နိုင်ငံအတွင်းလုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုရရှိရေး ဆက်လက်ဆောင်ရွက်နိုင်ရန် အရေးပေါ်ကာလကို သက်တမ်းတိုးမြှင့်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့် ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ယင်းနောက် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် က ၂၀၂၄ ခုနှစ်အတွင်း ယခုအချိန်အထိ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ လက်နက်ခဲယမ်းနှင့် မိုင်းမျိုးစုံကို သိမ်းဆည်းရမိခဲ့ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့ရှိ မြို့နယ်အချို့တွင် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး စစ်အုပ်ချုပ်ရေးအာဏာကျင့်သုံးရန် ထုတ်ပြန်ဆောင်ရွက်ခဲ့ရခြင်းများရှိသကဲ့သို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ထုတ်ပြန်ထားခဲ့ရခြင်းများလည်း ရှိကြောင်း၊ ၂၀၂၄ ခုနှစ်အတွင်း လက်နက်ကိုင်အကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့မှုနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့တွင် သာမန်အခြေအနေမဟုတ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၂၅ နှင့်အညီ နိုင်ငံတစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၆ လ သက်တမ်းတိုးမြှင့်ခြင်းအား ထောက်ခံပါကြောင်း တင်ပြဆွေးနွေးသည်။

ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ပြီးခဲ့သည့် အရေးပေါ်အခြေအနေ သက်တမ်းတိုးမြှင့်ထားခဲ့သည့် ၆ လတာကာလအတွင်း နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကိစ္စရပ်များကို အတိုင်းအတာတစ်ခုအထိ ဖော်ဆောင်နိုင်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ သို့သော်လည်း ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး၊ ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးတို့အတွက် ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင် ပါဝင်သည့် လွတ်လပ်၍တရားမျှတသောပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရန် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် သန်းခေါင်စာရင်း ကောက်ယူခြင်းအပါအဝင် ဆောင်ရွက်ရန်လုပ်ငန်းစဉ်များ ကျန်ရှိနေသေးကြောင်းနှင့် ယင်းလုပ်ငန်းစဉ်များကို အချိန်ကာလတစ်ခု ဆက်လက် ဆောင်ရွက်ရမည်ဖြစ်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း၊ သို့ဖြစ်ပါ၍ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၂၅ အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်၏ တာဝန်များကို နောက်ထပ် ၆ လ ထပ်မံတာဝန်ထမ်းဆောင်ခွင့်ပြုရန် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ အဆိုပြုချက်ကို ထောက်ခံပါကြောင်း ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖြည့်စွက်ဆွေးနွေးပြောကြားရာတွင် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းသည် အချိန်တိုအတွင်း ပြည့်စုံအောင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းစဉ်မဟုတ်ကြောင်း၊ ယနေ့ဖြစ်ပေါ်နေသော အခြေအနေများအရ လုပ်ငန်းစဉ်အဆင့်ဆင့်နှင့် စိစစ်မှုအဆင့်ဆင့် ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ထွက်ပေါ်လာသော လူဦးရေစာရင်းကို အခြေခံ၍ မဲစာရင်းကို အတတ်နိုင်ဆုံး ပြည့်စုံအောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အချို့တိုင်းဒေသကြီးနှင့်ပြည်နယ်များတွင် လုံခြုံရေးဆိုင်ရာ အားနည်းချက်များရှိ၍ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး လုံခြုံရေး တိုးတက်မှုရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲနှင့်ပတ်သက်၍လည်း လုံခြုံရေးအခြေအနေအပေါ်မူတည်၍ဦးစားပေးအဆင့်ဆင့်သတ်မှတ်ပြီး နယ်မြေဒေသအလိုက် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရအဖွဲ့များ ပေါ်ပေါက်လာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ နိုင်ငံတော်အနေဖြင့် မှန်ကန်သည့်ဒီမိုကရေစီလမ်းကြောင်းကို ဆက်လက်အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေးပင်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ယာယီသမ္မတ(တာဝန်) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယနေ့ကျင်းပပြုလုပ်သည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးကို တက်ရောက်လာကြသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များက နိုင်ငံတော်တွင် လက်ရှိဖြစ်ပေါ်နေသည့် ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ စီးပွားရေး၊ လူမှုရေးနှင့် အခြားအထွေထွေကိစ္စရပ်များကို ကဏ္ဍအလိုက် ပြည့်စုံစွာဆွေးနွေးပေးကြသဖြင့် ကျေးဇူးတင်ရှိကြောင်း။

မိမိတို့အနေဖြင့် ပြည်သူအားလုံးကလိုလားသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို မလွဲမသွေ ရှေ့ဆက်လျှောက်လှမ်းရမည် ဖြစ်သည့်အတွက် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို မဖြစ်မနေ အောင်မြင်စွာ ကျင်းပပေးရမည်ဖြစ်ကြောင်း၊ ကျင်းပရာတွင်လည်း ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုဆိုင်ရာ ဖြစ်စဉ်များကဲ့သို့ ထပ်မံမဖြစ်ပေါ်စေရေးအတွက် ခိုင်လုံမှန်ကန်သည့် မဲစာရင်းများ ရရှိရန်လိုကြောင်း၊ ထို့ကြောင့် လာမည့် အောက်တိုဘာလတွင် ဆောင်ရွက်မည့် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများကို အောင်မြင်စွာပြီးမြောက်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ရွေးကောက်ပွဲကို နိုင်ငံတစ်ဝန်းတွင်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုအစိုးရ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ သက်ဆိုင်ရာလွှတ်တော်များ၊ အစိုးရများပေါ်ပေါက်လာမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ပေါ်ပေါက်လာစေရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များအလိုက် ရွေးကောက်ပွဲကျင်းပနိုင်မည့် တည်ငြိမ်အေးချမ်းမှုရှိသည့် အနေအထားဖြစ်ပေါ်အောင် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆိုင်ရာကိစ္စများကို ပိုမိုတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့အနေဖြင့် လုံလောက်သည့်အချိန်ရယူဆောင်ရွက်ရန် လိုအပ်သည်ဟူသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များ၏ အဆိုပြုချက်များကို မိမိအနေဖြင့် သဘောတူပါကြောင်း။

တက်ရောက်လာသည့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအဖွဲ့ဝင်များအနေဖြင့်လည်း နိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် နိုင်ငံရေးအခြေအနေအရ အရေးပေါ်ကာလကို နောက်ထပ် ၆ လ ထပ်မံသက်တမ်းတိုးမြှင့်ရန် သဘောတူညီဆုံးဖြတ်ပြီးဖြစ်သောကြောင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၂၅ နှင့်အညီ **“နိုင်ငံတော်တစ်ဝန်းလုံး အရေးပေါ်အခြေအနေ ကြေညာထားသည့်ကာလကို ၁-၈-၂၀၂၄ ရက်မှစပြီး နောက်ထပ် ၆ လ တိုးမြှင့်သတ်မှတ်ကြောင်း”** ကို ကြေညာအပ်ပါကြောင်း ပြောကြားပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၄) ကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် ဇူလိုင် ၃၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်ဖြူမြို့တွင် ၅ ဒသမ ဝ၈ လက်မ၊ အမ်းမြို့တွင် ၄ ဒသမ ၈၈ လက်မ၊ နေပြည်တော် (ဇေယျာသီရိမြို့နယ်) တွင် ၄ ဒသမ ၇၃ လက်မ၊ ကျုံပျော်မြို့တွင် ၃ ဒသမ ၉၈ လက်မ၊ ပေါင်နှင့် ကော့ကရိတ်မြို့တွင် ၃ ဒသမ ၆၂ လက်မစီ၊ ကျိုက္ခမီမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ စစ်တွေမြို့တွင် ၃ ဒသမ ၃၁ လက်မ၊ နေပြည်တော် (ဇမ္ဗူသီရိမြို့နယ်) တွင် ၃ ဒသမ ၂၃ လက်မ၊ ကလေးမြို့တွင် ၂ ဒသမ ၉၉ လက်မနှင့် သာပေါင်းမြို့တွင် ၂ ဒသမ ၉၂ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တီဟီရန်မြို့၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားတက်ရောက်

**တီဟီရန် ဇူလိုင် ၃၁**

အီရန်အစ္စလာမ်မစ်သမ္မတ နိုင်ငံ လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာ့ဖ်၏ ဖိတ်ကြားချက်အရ အီရန်နိုင်ငံ၌ ရောက်ရှိနေသော ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယမန်နေ့က တီဟီရန်မြို့ရှိ အီရန်လွှတ်တော်၌ ကျင်းပသည့် အီရန်အစ္စလာမ်မစ်သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ်၏ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ တက်ရောက်သည်။




ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားမစတင်မီ စုပေါင်းဓါတ်ပုံရိုက်ကြရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အခြားသော ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ ပါဝင်ခဲ့သည်။ **(အပေါ်ယာပုံ)**

**မိန့်ခွန်းပြောကြား**

အဆိုပါ ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ နိုင်ငံပေါင်း (၈၀) ကျော်မှ နိုင်ငံ့အကြီးအကဲများ၊ အစိုးရအဖွဲ့ အကြီးအကဲများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံခြားရေးဝန်ကြီးများနှင့် အထူးကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနား၌ အစီအစဉ်အရ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာ့ဖ် က အဖွင့်အမှာစကားပြောကြားကာ အီရန်တရားသူကြီးချုပ် မစ္စတာ မိုဆယ်နီ အီဂျဲ က မိန့်ခွန်းပြောကြားခဲ့သည်။

ထို့နောက် အီရန်သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ် က ကျမ်းသစ္စာကျိန်ဆို၍ မိန့်ခွန်းတစ်ရပ် ပြောကြားကာ အီရန်လွှတ်တော်ဥက္ကဋ္ဌ မစ္စတာ မိုဟာမက် ဘက်ဂါ ဂါလီဘာ့ဖ် က အပိတ်မိန့်ခွန်း ပြောကြားပြီး ကျမ်းသစ္စာ ကျိန်ဆိုပွဲ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**တက်ရောက်**

ညနေပိုင်းတွင် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် အီရန်သမ္မတ မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ် က တည်ခင်းဧည့်ခံသော ဂုဏ်ပြုညစာစားပွဲသို့ အခြားသော နိုင်ငံများမှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များနှင့်အတူ တက်ရောက်သည်။

**ဆွေးနွေးပြောကြား**

အီရန်နိုင်ငံသို့ ရောက်ရှိစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီဖော်ဆောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများနှင့် မြန်မာနိုင်ငံ၏ လက်ရှိဖြစ်ပေါ် တိုးတက်မှုအခြေအနေများကို အခမ်းအနားတက်ရောက်လာကြသည့်ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များအား ထည့်သွင်းဆွေးနွေး ပြောကြားခဲ့သည်။

တီဟီရန်မြို့၌ ပြုလုပ်သည့် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့်အတူ နိုင်ငံခြားရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများလည်း ပါဝင်တက်ရောက်ခဲ့ကြသည်။

**ပို့ဆောင်ပြသ**

ခရီးစဉ်အတွင်း အိမ်ရှင်အီရန်အစိုးရက ကိုယ်စားလှယ်အဖွဲ့များအား တီဟီရန်မြို့ရှိ အီရန်အမျိုးသားပြတိုက်နှင့် အီရန်ရှေးဟောင်းသုတေသနနှင့်အနုပညာပြတိုက်တို့သို့ ပို့ဆောင်ပြသပေးကြသည်။

အီရန်အစ္စလာမ်မစ် သမ္မတနိုင်ငံ သမ္မတသစ် မစ္စတာ မာဆော့ ပါဇက်ရှ်ကီရမ် အား ၁၉၅၄ ခုနှစ်တွင် မွေးဖွားခဲ့ပြီး ၎င်းသည် နှလုံးခွဲစိတ်ဆရာဝန်တစ်ဦး ဖြစ်သည်။ ၁၉၉၇ ခုနှစ်တွင် ကျန်းမာရေး ဒုတိယဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၀၁ ခုနှစ်မှ ၂၀၀၅ ခုနှစ်အထိ ကျန်းမာရေးဝန်ကြီးအဖြစ် လည်းကောင်း၊ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ အီရန်လွှတ်တော် ဒုတိယဥက္ကဋ္ဌအဖြစ် လည်းကောင်း ရာထူးတာဝန် အသီးသီး တာဝန်ထမ်းဆောင်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာ



**ရန်ကုန် ဇူလိုင် ၃၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ခေါင်းဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ရန်ကုန်မြို့မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းဖြင့် ကမ္ဘောဒီးယားနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

အဆိုပါ မြန်မာကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံ ဆေးလိပ်ငွေ့ကင်းစင်ဒေသဆု (ASEAN Smoke Free Award) မြန်မာနိုင်ငံမှ လက်ခံရရှိ

**နေပြည်တော် ဇူလိုင် ၃၁**

အာဆီယံဒေသတွင်း ဆေးလိပ်ငွေ့ကင်းစင်စေရန် ရည်ရွယ်၍ အရှေ့တောင်အာရှ ဆေးလိပ်နှင့် ဆေးရွက်ကြီး ထိန်းချုပ်ရေး မိတ်ဖက်အဖွဲ့ (South East Asia Tobacco Control Alliance) နှင့် အာဆီယံအတွင်းရေးမှူးအဖွဲ့ရုံးတို့ ပူးပေါင်းဆောင်ရွက်သည့် အာဆီယံ ဆေးလိပ်ငွေ့ကင်းစင် ဒေသဆု (ASEAN Smoke Free Award) အစီအစဉ်ကို ၂၀၂၂ ခုနှစ် မေ ၁၃ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့၌ ကျင်းပဆောင်ရွက်ခဲ့သော (၁၅) ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် စတင်မိတ်ဆက်ခဲ့ပြီး အာဆီယံ အဖွဲ့ဝင်နိုင်ငံများမှ ဝင်ရောက်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခဲ့သည်။

မြန်မာနိုင်ငံတွင် ဆေးလိပ်ငွေ့ကင်းစင်ဒေသများ ထူထောင်ထားရှိသည့်အနက် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား အာဆီယံ ဆေးလိပ်ငွေ့ ကင်းစင်ဒေသဆု (ASEAN Smoke Free Award) အတွက် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စိစစ်ရွေးချယ်ရေးအဖွဲ့များ ဖွဲ့စည်း၍ သတ်မှတ်ထားသည့် အမှတ်ပေးစည်းမျဉ်းဖြင့် စိစစ်ရွေးချယ်ခဲ့ပြီး ရွှေတံဆိပ် (Gold) ကို ဖိလစ်ပိုင်နိုင်ငံ Iloilo City က လည်းကောင်း၊ ငွေတံဆိပ် (Silver) ကို အင်ဒိုနီးရှားနိုင်ငံ Bogor City ကလည်းကောင်း၊ ကြေးတံဆိပ် (Bronze) ကို ထိုင်းနိုင်ငံ Saensuk Municipality နှင့် မြန်မာနိုင်ငံ ပုဂံရှေးဟောင်းယဉ်ကျေးမှုဒေသတို့က ပူးတွဲ၍လည်းကောင်း၊ နှစ်သိမ့်ဆုအဖြစ် လာအိုနိုင်ငံ Luang Prabang ကလည်းကောင်း အသီးသီး ရရှိခဲ့ကြောင်း အာဆီယံ အတွင်းရေးမှူးချုပ် ရုံးက အကြောင်းကြားခဲ့သည်။

မြန်မာနိုင်ငံမှ ရရှိသည့် အာဆီယံ ဆေးလိပ်ငွေ့ကင်းစင် ဒေသဆု (ASEAN Smoke Free Award) ကို ၂၀၂၄ ခုနှစ် ဩဂုတ် ၈ ရက်တွင် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဗီယင်ကျန်းမြို့၌ ကျင်းပဆောင်ရွက်မည့် (၁၆) ကြိမ်မြောက် အာဆီယံ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးတွင် အခမ်းအနားအစီအစဉ်တစ်ရပ်ဖြင့် ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖျာပုံမြို့နယ်အတွင်းရှိ ကျေးလက်လမ်း၊တံတားလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဖျာပုံ ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်အတွင်း၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း၊ တံတားတည်ဆောက်ရေး လုပ်ငန်းများအား တာဝန်ရှိသူများ ဇူလိုင် ၂၇ ရက်က ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

ကွင်းဆင်း စစ်ဆေးရာတွင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန ရုံးချုပ်မှ အင်ဂျင်နီယာချုပ် (မြို့ပြ) ဦးကျော်ကျော်ထွေးနှင့် တာဝန်ရှိသူများက ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ တိုင်းဒေသကြီး (ငွေလုံးငွေရင်း) ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော ပဆင-ရှမ်းကွင်းကြီးလမ်းအား ကွန်ကရစ်ခင်းကျင်းခြင်းလုပ်ငန်း၊ ဖျာပုံ-အပြောင်-ကျီးနှစ်ပင် ကျေးရွာချင်းဆက်လမ်းပေါ်ရှိ ကွန်ကရစ် တံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လုပ်ငန်းအပေါ် တာဝန်ယူ ဆောင်ရွက်နေသူများအား မှာကြားခဲ့ကြောင်း သိရသည်။ **မိုးစက်(ပြန်/ဆက်)**



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးစာကြည့်တိုက်များနှင့် စာကြည့်တိုက်ကော်မတီအတွက် ၎င်းရေးသားသည့် စာအုပ် ၁၀၀၀ ပေးအပ်လှူဒါန်း



နေပြည်တော် ဇူလိုင် ၃၁

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး (စာရေးဆရာ မောင်အောင်) က ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးစာကြည့်တိုက်များနှင့် စာကြည့်တိုက်ကော်မတီအတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ယခုစာအုပ်သည် ၁၉၇၃ ခုနှစ် တက္ကသိုလ် ကျောင်းသားဘဝ တတိယနှစ်တွင် ရေးသားခဲ့သည့် စာအုပ်ဖြစ်ပါကြောင်း၊ ယင်းစာအုပ်သည် စာပေဗိမာန်ဆုရရှိခဲ့ပြီး ၂၀၁၉ ခုနှစ်တွင် ဒုတိယအကြိမ် ထုတ်ဝေခဲ့ပါကြောင်း၊ ယခုနှစ်တွင် ထူးခြားစွာဖြင့် "အ" သုံးလုံး သင်တန်းများ ပြန်လည်ဆောင်ရွက်နေသည့်အတွက် ယခုစာအုပ်ကို ထပ်မံထုတ်ဝေရခြင်းဖြစ်ပါကြောင်း၊ လူငယ်များကို ပြုစုပျိုးထောင်ရာတွင် အလွန်အရေးကြီးသည့် လုပ်အားပေးလုပ်ငန်းကို ဆောင်ရွက်ခဲ့သည့် ဘဝအတွေ့အကြုံများဖြင့် ရေးသားထားသည့် ယခုစာအုပ်ကို အားလုံးဖတ်ရှုနိုင်စေရန် လာရောက်လှူဒါန်းရခြင်း ဖြစ်ပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ စာမတတ်သူပပျောက်ရေး လုပ်ငန်းများတွင် နိုင်ငံသားတိုင်း တက်တက်ကြွကြွဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

**စာအုပ်များပေးအပ်လှူဒါန်း**

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ၎င်းကိုယ်တိုင်ရေးသားပြုစုထားသော စာပေဗိမာန်ဆုရ "လကွယ်ည၏ အလင်းရောင်" စာအုပ်များကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ စာအုပ်များ လှူဒါန်းသည့်အတွက် ကျေးဇူးတင်ရှိပါကြောင်း၊ စာရေးသူအနေဖြင့် ပထမအကြိမ်ကလည်း စိုက် / မွေး / ဆည် စာစုများ စာအုပ်အုပ်ရေ ၂၅၀ နှင့် ရင်ထဲက အဖေနှင့် ပတ်သက်သည့် စာစုများ စာအုပ် အုပ်ရေ ၂၅၀ ပေါင်း ၅၀၀ ကို လှူဒါန်းပေးခဲ့ပါကြောင်း၊ ယခုလို စာဖတ်ရှိန်မြှင့်တင်ရေး ဆောင်ရွက်နေသည့် အချိန်ကာလတွင် စာအုပ်များ လှူဒါန်းပေးခြင်းသည် ကုသိုလ်လည်းရသလို လိုအပ်သည့် လုပ်ငန်းတစ်ခု ဖြစ်ပါကြောင်း၊ စာရေးသူအနေဖြင့် စာကောင်းစာမွန်များ ဆက်လက်ရေးသားနိုင်ပါစေကြောင်းနှင့် နိုင်ငံ့တာဝန်များကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင် ပါစေကြောင်း ပြောကြားသည်။

ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး (စာရေးဆရာ မောင်အောင်) က စာပေဗိမာန်ဆုရ "လကွယ်ည၏ အလင်းရောင်" စာအုပ် ၁၀၀၀ ကို ပြန်ကြားရေးဝန်ကြီးဌာနရှိ ရုံးစာကြည့်တိုက်များနှင့် စာကြည့်တိုက်ကော်မတီအတွက် ပေးအပ်လှူဒါန်းခြင်းဖြစ်ရာ စာအုပ်များကို သက်ဆိုင်ရာ စာကြည့်တိုက်များသို့ ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတွက် လက်ငင်းဦးစားပေး ဆောင်ရွက်နေသည့်လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ





**နေပြည်တော် ဇူလိုင် ၃၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံတော်အတွက် လက်ငင်းဦးစားပေး ဆောင်ရွက်နေသည့် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များနှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ် အသီးသီးရှိ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**ရာနှုန်းပြည့်နီးပါး ဆောင်ရွက်နိုင်ခဲ့**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနအနေဖြင့် အသက် ၁၈ နှစ်ပြည့် နိုင်ငံသားအားလုံး ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေးအတွက် ပန်းခင်းစီမံချက် အဆင့် (၁) နှင့် (၂) တို့ဖြင့် အခက်အခဲ အမျိုးမျိုးကြားက တိုင်းဒေသကြီး/ပြည်နယ်အလိုက် သတ်မှတ်ကာလများ အတွင်း လျာထားချက်များကို ရာနှုန်းပြည့် နီးပါး ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယခု ပန်းခင်းအဆင့် (၃) အဖြစ် ယာယီရွှေ့ပြောင်းနေထိုင်သူများနှင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင်အသက် ၁၈ နှစ်ပြည့်လာမည့်သူ စုစုပေါင်း (၂ ဒသမ ၁) သန်းကျော်တို့အတွက် နိုင်ငံသားကတ်ပြား ထုတ်ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ပန်းခင်းစီမံချက်အဆင့် (၃) ဆောင်ရွက်ရာတွင်လည်း နိုင်ငံသားကတ်ပြား ထုတ်ပေးသူများကို e-ID စနစ်အတွက် Biographic / Biometric ကို တစ်ပါတည်း စိစစ်ကောက်ယူကာ ဂဏန်း (၁၀) လုံးပါသည့် Unique ID နံပါတ်များ ထုတ်ပေးရေးဆောင်ရွက်ပေးသကဲ့သို့ ယခင်နိုင်ငံသားကတ်ပြားရှိပြီးသူများကိုလည်း ၎င်းတို့၏ Biographic/ Biometric ကောက်ယူကာ Unique ID နံပါတ်ထုတ်ပေးခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

ဝန်ကြီးဌာနအနေဖြင့် e-ID Dtaabase ရှိ စာရင်းများကို အခြေခံ၍ မဲစာရင်းပြုစုရာတွင် အခြေခံအသုံးပြုရန် အသက် ၁၈ နှစ်နှင့်အထက် မဲစာရင်းများပြုစုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုတင်ပြပြီး ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တတိယအကြိမ် ပေးပို့ခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် အသက် ၁၈ နှစ်ပြည့်လာမည့် မဲပေးပိုင်ခွင့်ရှိသူစာရင်းကို တွက်ချက်အတည်ပြု၍ သတ်မှတ်ကာလများအတိုင်း တင်ပြနိုင်ရေး ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

သန်းခေါင်စာရင်း ကောက်ယူရာတွင် လက်ရှိအခြေအနေအရ လုံခြုံရေးနှင့် လမ်းပမ်းဆက်သွယ်ရေး ခက်ခဲသည့်ဒေသများအတွက် စာရင်းကောက်ယူမည့် ကာလတိုးမြှင့်ကောက်ယူနိုင်ရေးအတွက်လည်း ကြိုတင်မျှော်တွေးဆောင်ရွက်ကြရန်နှင့် ဆောင်ရွက်မည့် အစီအမံအဆင့်ဆင့်ကို ကြိုတင်တင်ပြကြရန်လည်းလိုကြောင်း။

**ပူးပေါင်းဆောင်ရွက်ရန် လိုအပ်**

မိမိတို့ ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့စစ်မှုထမ်း ဥပဒေအရ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေး ကိစ္စရပ်များ ဆောင်ရွက်ရာတွင် နိုင်ငံသားအရည်အချင်းမရှိသူများ မပါရှိစေရေး၊ ကိုင်ဆောင်ကတ်ပြား တစ်မျိုးမျိုးရှိသည့် နိုင်ငံသားများကိုသာဆင့်ခေါ်ရေး၊ နေရပ်လိပ်စာမှန်ကန်စေရေးတို့အတွက် ဆက်စပ်ဌာနများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အတွက် အရေးကြီးသည့် လက်ငင်းဦးစားပေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အောင်မြင်စွာပြီးစီးရေးအတွက် အလေးထားကြိုးပမ်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်းကို ဝန်ထမ်းအားလုံး သိရှိနားလည်ကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူးများက တိုင်းဒေသကြီး/ ပြည်နယ် အလိုက် လက်ရှိအခြေအနေတွင် ပန်းခင်းစီမံချက်နှင့် e-ID စနစ်လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ မဲစာရင်းမှန်ကန်ရေးနှင့် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးတို့အတွက် လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာ လုပ်ငန်းအပေါ် ဌာနမှဆောင်ရွက်ပေးရမည့် အခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များကို လည်းကောင်း၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက လုပ်ငန်းများ ဆောင်ရွက်နေမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြဆွေးနွေးကြပြီး ဒုတိယဝန်ကြီးများက လိုအပ်ချက်များကို ဖြည့်စွက်တင်ပြကြသည်။

**ကြိုးပမ်းဆောင်ရွက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ယခု လုပ်ငန်းစဉ်များသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးကြီးသည့် လုပ်ငန်းစဉ်များဖြစ်ပြီး ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ဆောင်ရွက်ကြရေးနှင့် နယ်မြေဒေသအခြေအနေနှင့် လုပ်ငန်းဆိုင်ရာအခက်အခဲများအား အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ရေး၊ လုပ်ငန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးအောင်မြင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**အိမ်ပြင်ပဓာတ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ (ဒုတိယကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၃၁

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ၂၀၂၄ ခုနှစ် မိုးရာသီ (ဒုတိယအကြိမ်) စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးမြို့နယ် ရန်အောင်မြင်ကြိုးဝိုင်း၌ ကျင်းပသည်။**

သစ်ပင်စိုက်ပျိုးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဝန်ကြီး ဦးမင်းသူ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနအကြီးအကဲများ၊ အရာထမ်း/အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်မှ ဆရာ/ဆရာမများနှင့် ကျောင်းသား/ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက သစ်ပင်စိုက်ပျိုးပွဲအထိမ်းအမှတ် ပိတောက်ပင်ကို သတ်မှတ်နေရာတွင် ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် တက်ရောက်လာသူများက သတ်မှတ်နေရာများတွင် သစ်ပင်များကို ဆက်လက်စိုက်ပျိုးပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စုပေါင်းသစ်ပင် စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။ **(ယာပုံ)**

ယနေ့သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ တမလန်း၊ မဟော်ဂနီ၊ ယမနေ၊ ဆီသပြေ၊ ပျဉ်းမ၊ ရင်းမာ စုစုပေါင်းသစ်မျိုး ကိုးမျိုးဖြင့် ပျိုးပင် ၃၀၀၀ ကို လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြပြီး မိုးရာသီအကြိုနှင့် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲများကို နေပြည်တော်နှင့် တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် နှစ်စဉ်ကျင်းပပြုလုပ်လျက်ရှိရာ ယခုနှစ်တွင် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲ အကြိမ် ၃၉၀၊ သစ်ပင်ပေါင်း ၃၁၅၀၀၀ ကျော် စိုက်ပျိုးခဲ့ပြီးဖြစ်သည်။ ဝန်ကြီးဌာနအနေဖြင့် ၂၀၂၄ မိုးရာသီအတွင်း သစ်တောစိုက်ခင်း၊ ဒီရေတောစိုက်ခင်း၊ ရေဝေရေလဲစိုက်ခင်းနှင့် ကျေးရွာထင်းစိုက်ခင်းများ တည်ထောင်ခြင်း၊ ကားလမ်းဘေးဝဲ/ယာ စိုက်ပျိုးခြင်း၊ စုပေါင်းသစ်ပင် စိုက်ပျိုးပွဲနှင့် လူထုဖြန့်စိုက်ပျိုးခြင်းများတွင် သစ်ပင်စုစုပေါင်း ၂၁ ဒသမ ၂၂ သန်း စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရော့စ်ကွန်ဂရက်



ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအဖွဲ့ အမှုဆောင်အရာရှိချုပ် မစ္စတာ အလက်စ်ဇန်းဒါး ဆာဂီးဗစ်ရှ် ရှတီရော့ဗ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ကို ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံပြီး မြန်မာ - ရုရှား နှစ်နိုင်ငံအကြား ဓာတ်သတ္တု ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍဆိုင်ရာကိစ္စရပ်များ၊ နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆရာဝန်(သစ်လွင်) ၅၈၁ ဦးအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိများအဖြစ် တာဝန်ပေးအပ်

**နေပြည်တော် ဇူလိုင် ၃၁**

ကျန်းမာရေးဝန်ကြီးဌာန ဆရာဝန် (သစ်လွင်)များအား နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင် အရာရှိများအဖြစ် တာဝန်ပေးအပ်ခြင်း အခမ်းအနားကို ယနေ့တွင် နေပြည်တော်ရှိ MICC-II ၌ ကျင်းပသည်။



အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်း တက်ရောက်၍ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်အစိုးရ၏ ပံ့ပိုးမှုနှင့်အတူ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေကို မျက်ခြည်မပြတ် လေ့လာသုံးသပ်ပြီး လုပ်ငန်းစီမံချက်များ ရေးဆွဲခြင်း၊ အကောင်အထည်ဖော်ခြင်း၊ ကာလတို/ကာလလတ်/ကာလရှည် ဦးတည်ချက်များချမှတ်ကာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း၊ **နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များဖြစ်သည့် "ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ် လုပ်နိုင်မည်၊ လူ့အသက်ထက် အရေးကြီးတာမရှိ၊ ဆေးရုံတိုင်း ဆရာဝန်ရှိရမည်" စသည့် မူဝါဒများကို အကောင်အထည်ဖော်** ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်များကို ပြည့်ဝစွာ ခန့်ထားနိုင်ရေး နှစ်စဉ်လေ့ကျင့်သင်ကြားမွေးထုတ်ပေးလျက် ရှိကြောင်း၊ စိတ်ဓာတ်ကြံ့ခိုင်ပြီး သမားဂုဏ်၊ ဆေးပညာ ကျင့်ဝတ်တို့နှင့်အညီ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို အာရုံစူးစိုက်၍ Professional ပီပီသသ ဆောင်ရွက်ကြစေလိုကြောင်း၊ ဆရာဝန်(သစ်လွင်)များ အနေဖြင့် တာဝန်ထမ်းဆောင်ရင်း ရရှိလာမည့် ဆေးကုသမှုဆိုင်ရာ အတွေ့အကြုံများမှတစ်ဆင့် မိမိတို့၏ ပညာရပ်ပိုင်းဆိုင်ရာ တိုးတက်အောင်မြင်မှုများ ရရှိကာ နိုင်ငံတော်နှင့် ပြည်သူက ယုံကြည်အားကိုးရသော ထူးချွန်ထက်မြက်သည့် အထူးပြုဆရာဝန်ကြီးများ ဖြစ်အောင်ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း ဆရာဝန်(သစ်လွင်)များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်တစ်ခုချင်းအလိုက် ကိုယ်စားပြုဆရာဝန်(သစ်လွင်)များကို ခန့်အပ်လွှာများ ပေးအပ်ပြီး **(ဝဲပုံ)** ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ ဆရာဝန် (သစ်လွင်)များနှင့်အတူ လက်ဖက်ရည်ပွဲကို အတူတကွ သုံးဆောင်ကြသည်။

အဆိုပါ အခမ်းအနားကို ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပြည်နယ်နှင့် တိုင်းဒေသကြီး ကုသရေးဦးစီးဌာနမှူးများ၊ ဆေးရုံအုပ်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် နိုင်ငံ့ဝန်ထမ်း ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်ခြင်းခံရသော ဆရာဝန် (သစ်လွင်) ၅၈၁ ဦးတို့ တက်ရောက်ခဲ့ကြသည်။

အဆိုပါဆရာဝန် (သစ်လွင်)များကို ဆေးကုသမှုအတွေ့အကြုံများ ပိုမိုလေ့လာဆည်းပူးနိုင်စေရန်နှင့် ပြည်သူလူထုဆေးကုသမှုလုပ်ငန်းများ ပိုမိုအထောက်အပံ့ဖြစ်စေရန် ဗဟိုအဆင့်ပြည်သူ့ဆေးရုံကြီးများနှင့် ပြည်နယ်/တိုင်းဒေသကြီးများရှိ ပြည်သူ့ဆေးရုံကြီးများတွင် တာဝန်ချထားခဲ့ကြောင်းနှင့် ဆေးတက္ကသိုလ်၊ နောက်ဆုံးနှစ်အပိုင်း(ခ) စာမေးပွဲများ အောင်မြင်ပြီး အလုပ်သင်ဆရာဝန်များအဖြစ် သက်ဆိုင်ရာသင်ကြားရေး ဆေးရုံကြီးများတွင် တာဝန်ထမ်းဆောင်နေသူ ၁၂၇၅ ဦး ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့သစ်မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်းများအား ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနှံ

**မြို့သစ် ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများအား ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနှံခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်ကြောင်း သိရသည်။



ထိုသို့ ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေး ထိုးနှံရာတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ ကျော်မျိုးဇော်က ရာသီတုပ်ကွေးရောဂါ ကာကွယ်ရေး အသိပညာပေး ဟောပြောပြီး မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေး ဆရာမ ဒေါ်ညွန့်ညွန့်ကြည်နှင့် ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကျန်းမာရေးဝန်ထမ်း ၂၀၃ ဦးကို ရာသီတုပ်ကွေးရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန် (ပြန်/ဆက်)**

# လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း(မွမ်းမံသင်တန်း) ဖွင့်လှစ်

**ရမည်းသင်း ဇူလိုင် ၃၁**

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရမည်းသင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ ပြုလုပ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်း (မွမ်းမံသင်တန်း) ဖွင့်ပွဲကို ဇူလိုင် ၂၉ ရက်က ရမည်းသင်းမြို့နယ် ထီးလှိုင်အုပ်စု ဈေးကုန်းကြီးကျေးရွာ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲတွင် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသိန်းဇော်က ယခုလိုအသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့်ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရခြင်းမှာ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရန်နှင့် တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်နိုင်ပြီး မိသားစုဝင်ငွေတိုးပွားကာ ကျေးရွာများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ ဤသင်တန်းကိုဖွင့်လှစ်ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း ပြောကြားပြီး လုပ်ငန်းအကောင်အထည်ဖော်ရေး ကော်မတီ၏ အဖွဲ့ခေါင်းဆောင် ဦးအောင်မြသိန်းက (ရုံးချုပ်) နေပြည်တော်တွင် တက်ရောက်ခဲ့သော သင်တန်းမှ ရရှိလာသောအသိနှင့် ပို့ချလိုက်သော ပညာများကို ရှင်းလင်းသည်။

ယခု ဒုတိယအကြိမ် မွမ်းမံသင်တန်း သင်ကြားပို့ချပြီးချိန်တွင် ထူးချွန်သင်တန်းသား ငါးဦးအားရွေးချယ်ပြီး ၎င်းတို့ ငါးဦးကို (၁၄ သိန်း)နှင့်ညီမျှသော သုံးစွဲခွင့်ပေးမည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းသုံးပစ္စည်းများ ပေးအပ်မည်ဖြစ်ကြောင်း သိရသည်။

**မောင်မွေး**

# မြှင့်တင်အားပေး ဝါသီးနှံဖွံ့ဖြိုးရေး

## ကိုချင်းနှင့် ပီပီပီ (စက်မှု)အဖွဲ့ဝင်များ



### နိဒါန်း

နှစ်စဉ် အောက်တိုဘာလ ၇ ရက်နေ့တွင် ဝါသီးနှံ၏ အရေးပါပုံကို သတိပြုမိကြပြီး လယ်သမားများမှ အထည်ချုပ်လုပ်သားများအထိ ဝါဂွမ်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံး၏ ပံ့ပိုးကူညီမှုများကို အသိအမှတ်ပြုရန် ကမ္ဘာ့ဝါသီးနှံနေ့ကို နှစ်စဉ် ကျင်းပကြသည်။ ကမ္ဘာ့ဝါသီးနှံနေ့ကို နေ့စဉ် လူနေမှုဘဝတွင် ဝါသီးနှံ၏ အရေးပါမှုကို အသိအမှတ်ပြုရန်နှင့် ဝါဂွမ်းကဏ္ဍ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သော တိုးတက်မှုကို မြှင့်တင်ရန်ရည်ရွယ်၍ ကျင်းပပြုလုပ်သည်။ ယနေ့အထိ ၂၀၂၄ ခုနှစ် ကမ္ဘာ့ဝါသီးနှံနေ့ (World Cotton Day 2024) အတွက် ဆောင်ပုဒ်ကို မကြေညာသေးသော်လည်း ၂၀၂၃ ခုနှစ် ကမ္ဘာ့ဝါသီးနှံနေ့ (World Cotton Day) ၏ ဆောင်ပုဒ်မှာ “လယ်ယာမှသည် ဖက်ရှင်အထိ လူတိုင်းအတွက် ဝါသီးနှံကို မျှတပြီး ရေရှည်တည်တံ့စေရန် ဖန်တီးကြပါစို့” (''Making cotton fair and sustainable for all, from farm to fashion.") ဖြစ်ပါသည်။ ကုလသမဂ္ဂက ဝါ၏ကဏ္ဍကို မြင်သာစေရန်နှင့် ကုန်သွယ်မှုနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး စသည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်နေသည်ကို သတိပြုစေလို၍ ကျင်းပခြင်းဖြစ်ပါသည်။

### ကမ္ဘာ့ဝါသီးနှံနေ့ဖြစ်ပေါ်လာပုံ

အာဖရိကနိုင်ငံ လေးနိုင်ငံဖြစ်သည့် ဘီနင် (Benin)၊ ဘာကီနာဖာဆို (Burkina Faso)၊ ချဒ် (Chad) နှင့် မာလီ (Mali) တို့က ၂၀၀၃ ခုနှစ်တွင် ကော့တွန်-၄ (Cotton-4) ကို အောက်တိုဘာလ ၇ ရက်နေ့တွင် ပဏာမစတင်ခဲ့သည်။ ဤပဏာမခြေလှမ်းသည် တရားမျှတသော ကုန်သွယ်မှုအလေ့အကျင့်များကို မြှင့်တင်ရန်၊ ဈေးကွက်ဝင်ရောက်နိုင်မှု တိုးတက်စေရန်နှင့် အဆိုပါနိုင်ငံများရှိ ဝါစိုက်တောင်သူများ၏ အသက်မွေးဝမ်းကျောင်းကို မြှင့်တင်ရန် ရည်ရွယ်ခြင်းဖြစ်သည်။ ကော့တွန်-၄ (Cotton-4) နိုင်ငံတို့၏ အစပြုမှုကို အသိအမှတ်ပြုတုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (World Trade Organization – WTO) သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ပထမဆုံးကမ္ဘာ့ဝါသီးနှံနေ့ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့ပါသည်။ အဆိုပါပွဲကို ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ ကုလသမဂ္ဂကုန်သွယ်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ (UNCTAD)၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန (ITC) နှင့် အပြည်ပြည်ဆိုင်ရာ ချည်မျှင်အကြံပေးကော်မတီ (ICAC) တို့ ပူးပေါင်း၍ WTO အတွင်းရေးမှူးချုပ်ရုံးမှ စီစဉ်ကျင်းပခဲ့ခြင်းဖြစ်သည်။

အခမ်းအနားသို့ ဝန်ကြီးများ၊ နိုင်ငံတကာအဖွဲ့အစည်းများမှ အကြီးအကဲများ၊ အဆင့်မြင့်အရာရှိများ၊ ဂျီနီဗာအခြေစိုက် ကိုယ်စားလှယ်များနှင့် ကမ္ဘာ့ဝါအသိုက်အဝန်းအပါအဝင် နိုင်ငံလုံးဆိုင်ရာ စိုက်ပျိုးသူများအသင်းများ၊ ကုန်သည်များ၊ စစ်ဆေးရေးဝန်ဆောင်မှုပေးသူများ၊ ဝါတန်ဖိုးမြှင့်ထုတ်လုပ်သူများ၊ ဖွံ့ဖြိုးရေးအကူအညီများ၊ မိတ်ဖက်များ၊ သိပ္ပံပညာရှင်များ၊ ပညာရှင်များ၊ လက်လီရောင်းချသူများ၊ အမှတ်တံဆိပ် ကိုယ်စားလှယ်များနှင့် ပုဂ္ဂလိက ကဏ္ဍအပါအဝင် WTO ရုံးချုပ်တွင် တက်ရောက်သူ ၈၀၀ ကျော် တက်ရောက်ခဲ့သည်။ ယင်းအခမ်းအနားသည် ပါဝင်တက်ရောက်သူများအတွက် အသိပညာမျှဝေရန်နှင့် ဝါဂွမ်းနှင့်ပတ်သက်သော လှုပ်ရှားမှုများနှင့် ထုတ်ကုန်များကိုပြသရန် အဓိကအခွင့်အရေးတစ်ခုဖြစ်သည်။ ကမ္ဘာ့ဝါသီးနှံနေ့သည် ဝါ၏အရေးကြီးမှုနှင့် လယ်သမားများမှ အထည်ချုပ်လုပ်သားများအထိ ဝါဂွမ်းကဏ္ဍတွင် ပါဝင်ပတ်သက်သူအားလုံး၏ ပံ့ပိုးကူညီမှုများကို အသိပညာမြှင့်တင်ပေးသောကြောင့် အရေးကြီးပါသည်။

ထို့အပြင် အစိုးရများ၊ စက်မှုလုပ်ငန်း ကိုယ်စားလှယ်များနှင့် အရပ်ဘက်အဖွဲ့အစည်းများ အပါအဝင် သက်ဆိုင်သူအသီးသီးနှင့် ဝါဂွမ်းချည်ထည်ကဏ္ဍကို ဆွေးနွေးမြှင့်တင်ရန် အရေးကြီးသောမှတ်တိုင်တစ်ခုဖြစ်ပါသည်။ စတင်တည်ထောင်ချိန်မှစ၍ ကမ္ဘာ့ဝါသီးနှံနေ့ (World Cotton Day) သည် ဖွံ့ဖြိုးတိုးတက်လာခဲ့ပြီး စည်းရုံးရေး၊ ပညာရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများအတွက် ပလက်ဖောင်းတစ်ခုအဖြစ် ဆောင်ရွက်ပေးခဲ့ပါသည်။

### ဝါသီးနှံ၏အရေးပါမှု

လူတို့တွင် စား၊ ဝတ်၊ နေရေး အရေးကြီး(၃)ပါးရှိသည့်အနက် အဝတ်သည် ဒုတိယအရေးကြီးဆုံးဖြစ်ပါသည်။ “လူမှာအဝတ်၊ တောင်းမှာအကွပ်” ဆိုသည့် မြန်မာစကားပုံတွင် လူတို့တွင် အဝတ်၏ အရေးပါပုံကို ဆိုညွှန်းထားပါသည်။ ဝါသည် ကမ္ဘာ့အရေးအကြီးဆုံး လယ်ယာထွက်ကုန်များထဲမှ တစ်ခုဖြစ်ပြီး နိုင်ငံများစွာ၏ စီးပွားရေးကို သိသိသာသာ အထောက်အကူပြုပါသည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဝါသည် သန်းနှင့်ချီသော လူများအတွက် အဓိက ဝင်ငွေအရင်းအမြစ်ဖြစ်သည်။ ဝါဂွမ်းကဏ္ဍသည် ကမ္ဘာတစ်ဝန်းရှိ လူဦးရေသန်း ၁၀၀ ကျော်ကို အလုပ်ခန့်ထားပြီး လူသန်း ၅၀၀ ကျော်ကို ပံ့ပိုးပေးပါသည်။ အိန္ဒိယ၊ တရုတ်၊ အမေရိကန်နှင့် အာဖရိကနိုင်ငံ များစွာတို့ကဲ့သို့ နိုင်ငံများတွင် ဝါဂွမ်းသည် အဓိကပို့ကုန်တစ်ခုဖြစ်ပြီး ကြီးမားသောဝင်ငွေကို ရရှိစေသည်။ အိန္ဒိယတွင် ဝါဂွမ်းလုပ်ငန်းသည် လယ်သမားခြောက်သန်းကျော်နှင့် ဆက်စပ်စက်မှုလုပ်ငန်းများတွင် လူသန်းပေါင်းများစွာကို အလုပ်အကိုင်များ ပံ့ပိုးပေးသည်။

ထို့အပြင် ဝါဂွမ်းစိုက်ပျိုးခြင်း၊ ရိတ်သိမ်းခူးဆွတ်ခြင်းမှစ၍ ဝါကုန်ချောလုပ်ငန်းစဉ်များဖြစ်သည့် ချည်ထုတ်လုပ်ခြင်း၊ အထည်အလိပ်ရက်လုပ်ခြင်း စသည့် လုပ်ငန်းစဉ်အဆင့်ဆင့်တို့တွင် အမျိုးသမီးအများအပြား ပါဝင်လုပ်ကိုင်နိုင်ပါသည်။ ဝါတန်ဖိုးကွင်းဆက်တွင် ပါဝင်ခြင်းဖြင့် အမျိုးသမီးများသည် ကိုယ်ပိုင်ဝင်ငွေရရှိကြပြီး ၎င်းတို့၏ မိသားစုနှင့် လူမှုအသိုင်းအဝိုင်းများ၏ သာယာဝပြောရေးကို အထောက်အကူပြုပါသည်။

### ဝါသီးနှံအသုံးဝင်မှု

ဝါသည် ကမ္ဘာမြေကြီးကပေးသည့် စွယ်စုံရသီးနှံများထဲမှ တစ်ခုဖြစ်ပါသည်။ လူတို့၏ အသက်ရှင်နေထိုင်ရေးအတွက် အခြေခံလိုအပ်ချက်ဖြစ်သည့် စား၊ ဝတ်၊ နေရေး (၃)ချက်တွင် ဝါသီးနှံက ယင်းအခြေခံလိုအပ်ချက် (၃)ချက်လုံးကို ဖြည့်တင်းပေးနိုင်ပါသည်။ ဝါသီးနှံမှ တန်ဖိုးမြှင့်ထုတ်ကုန်အဖြစ် ဝါဂွမ်း၊ ဝါစေ့၊ ဝါစေ့ဆီနှင့် ဆီကြိတ်ဖတ်များ ထုတ်လုပ်နိုင်သည်။ ရင့်မှည့်သော ဝါသီး (ဝါပေါက်) မှ ဝါစေ့နှင့် ဝါဂွမ်းကို ခွဲထုတ်ရယူပါသည်။

ဝါဂွမ်းသည် အဝတ်အထည်၊ မျက်နှာသုတ်ပဝါ၊ အိပ်ရာနှင့် အခြားအထည်အလိပ်များ အပါအဝင် ထုတ်ကုန်အမျိုးမျိုးပြုလုပ်ရန် အသုံးပြုသည့် သဘာဝအမျှင်တစ်မျိုးဖြစ်သည်။ တာယာ၊ ဆန်ခါများနှင့် စက္ကူကဲ့သို့သော စက်မှုထုတ်ကုန်များစွာတွင်လည်း အသုံးပြုသည်။ ဝါဂွမ်း၏ ၈၀ ရာခိုင်နှုန်းခန့်ကို အဝတ်အထည်များတွင် အသုံးပြုကြပါသည်။ အိမ်တွင်းအလှဆင်ပစ္စည်းများတွင် ၁၅ ရာခိုင်နှုန်းကို အသုံးပြုကြပြီး ကျန် ၅ ရာခိုင်နှုန်းမှာ စစ်ထုတ်ခြင်းနှင့် စုပ်ယူခြင်းကဲ့သို့သော အသုံးအဆောင်များအတွက် အများဆုံးအသုံးပြုကြသည်။ မိုးပြာရောင်ဂျင်း၊ ကော်ဇောနှင့် ကြမ်းခင်းအထည်များကဲ့သို့ လူအများနှစ်သက်သော အထည်များကို ဝါချည်ဖြင့် ပြုလုပ်ထားသည်။

ဝါစေ့တွင် မျိုးစိတ်နှင့် အရည်အသွေးပေါ်မူတည်၍ အဆီ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းအထိ ပါဝင်ပါသည်။ အဆီတွင် မပြည့်ဝဆီ ၇၀ ရာခိုင်နှုန်းခန့် ပါဝင်ပါသည်။ သန့်စင်ထားသော ဝါစေ့ဆီသည် အရသာရှိပြီး နူးညံ့သော ရွှေရောင်ရှိသည်။ ဝါစေ့သည် ပရိုတင်းဓာတ်ကြွယ်ဝပြီး လူစားသုံးရန် (သို့မဟုတ်) တိရစ္ဆာန်အစာအတွက် အသုံးပြုသည်။ ဝါစေ့ကို ပြန်လည်စိုက်ပျိုးရန် မျိုးအဖြစ်လည်းကောင်း၊ ဆီကြိတ်၍ စားသုံးဆီအဖြစ်လည်းကောင်း၊ ဆပ်ပြာ၊ ဖယောင်းတိုင်၊ အလှကုန်များကဲ့သို့သော ဆီအခြေခံထုတ်ကုန်များစွာပြုလုပ်ရန် စက်မှုကုန်ကြမ်းသုံးဆီအဖြစ်လည်းကောင်း၊ ဝါစေ့ဆီကြိတ်ဖတ်ကို တိရစ္ဆာန်အစာအဖြစ်လည်းကောင်း အသုံးပြုကြပါသည်။

၁၉၅၀ ပြည့်နှစ်များက အထည်ရက်လုပ်ရာတွင် ဝါဂွမ်းကို ၈၄ ရာခိုင်နှုန်း၊ သိုးမွေး ၁၂ ရာခိုင်နှုန်းနှင့် လျှော် ၄ ရာခိုင်နှုန်း သုံးစွဲခဲ့ရာက ၁၉၄၀ ပြည့်နှစ်တွင် ချည်မျှင်တုရေယွန်နှင့် နိုင်လွန်တို့ တီထွင်လာသောကြောင့် ၁၉၇၀ ပြည့်နှစ်အလွန်တွင် ဝါဂွမ်းချည်သုံးစွဲမှုလျော့ကျသွားခဲ့သည်။ ယခုခေတ်တွင် ဝါဂွမ်းချည်သည် ဈေးနှုန်းသက်သာသော ပိုလီအက်စတာချည်မျှင်တုနှင့် ယှဉ်ပြိုင်နေရသည်။ ၂၀၁၀ ပြည့်နှစ်များတွင် အထည်အလိပ်လုပ်ငန်းများတွင် ဝါဂွမ်း ၃၇ ရာခိုင်နှုန်းခန့် သုံးစွဲကြောင်း သိရှိရပါသည်။ သို့သော် ဝါဂွမ်းချည်၏ သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့် ဂုဏ်သတ္တိများက ဖွံ့ဖြိုးပြီးနိုင်ငံရှိ လူအများကို ဆွဲဆောင်နိုင်သောကြောင့် ဝါဂွမ်းချည်သုံးစွဲမှုသည် ပြန်လည်မြင့်တက်လာခဲ့ပါသည်။

### ဝါသီးနှံနှင့် သဘာဝပတ်ဝန်းကျင်

ဝါသည် ဇီဝပိုးမွှားများကို ချေဖျက်နိုင်ပြီး ပြန်လည်ပြည့်ဖြိုးမြဲဖြစ်သော သဘာဝအမျှင်ဖြစ်၍ ဓာတုအမျှင်များနှင့်နှိုင်းယှဉ်ပါက သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေပါသည်။ သို့သော် ဝါစိုက်ပျိုးခြင်းနှင့် ကုန်ထုတ်လုပ်ငန်းစဉ်များတွင် ရေရှည်တည်တံ့စေရန် ကိုင်တွယ်ဖြေရှင်းရမည့်

*စာမျက်နှာ ၁၁ သို့*

- ❖ **အာဖရိကနိုင်ငံ လေးနိုင်ငံဖြစ်သည့် ဘီနင်(Benin)၊ ဘာကီနာဖာဆို (Burkina Faso)၊ ချဒ် (Chad) နှင့် မာလီ (Mali) တို့က ၂၀၀၃ ခုနှစ်တွင် ကော့တွန်-၄ (Cotton-4) ကို အောက်တိုဘာလ ၇ ရက်နေ့တွင် ပဏာမစတင်ခဲ့**
- ■ **ကော့တွန်-၄ (Cotton-4) နိုင်ငံတို့၏ အစပြုမှုကို အသိအမှတ်ပြု တုံ့ပြန်သည့်အနေဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (World Trade Organization - WTO) သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၇ ရက်နေ့တွင် ပထမဆုံးကမ္ဘာ့ဘဝါသီးနှံနေ့ကို ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ ကျင်းပခဲ့**
- ❍ **ဝါဂွမ်းကဏ္ဍသည် ကမ္ဘာတစ်ဝန်းရှိ လူဦးရေ သန်း ၁၀၀ ကျော်ကို အလုပ်ခန့်ထားပြီး လူသန်း ၅၀၀ ကျော်ကို ပံ့ပိုးပေးပါသည်။ အိန္ဒိယ၊ တရုတ်၊ အမေရိကန်နှင့် အာဖရိကနိုင်ငံများစွာတို့ကဲ့သို့ နိုင်ငံများတွင် ဝါဂွမ်းသည် အဓိကပို့ကုန်တစ်ခုဖြစ်ပြီး ကြီးမားသောဝင်ငွေကို ရရှိစေ**

*စာမျက်နှာ ၁၀ မှ*

သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများ ရှိပါသည်။ အဆိုပါစိန်ခေါ်မှုများတွင် ရေသုံးစွဲမှု၊ ပိုးသတ်ဆေးအသုံးပြုမှုနှင့် မြေဆီလွှာပျက်စီးမှုတို့ ပါဝင်သည်။ ကုလသမဂ္ဂသဘာဝပတ်ဝန်းကျင် အစီအစဉ် (United Nations Environment Program – UNEP)၏ အဆိုအရ ဝါဂွမ်းစိုက်ပျိုးမှုသည် ကမ္ဘာ့စိုက်ပျိုးမြေ၏ ၂ ဒသမ ၅ ရာခိုင်နှုန်းရှိသော်လည်း နှစ်စဉ်ပိုးသတ်ဆေး တန်ချိန် ၂၀၀၀၀၀ နှင့် ဓာတ်မြေဩဇာတန်ချိန် ရှစ်သန်းခန့် အသုံးပြုနေပြီး ကမ္ဘာ့သုံးစွဲမှု၏ ၁၆ ရာခိုင်နှုန်းနှင့် ၄ ရာခိုင်နှုန်း အသီးသီးရှိကြောင်း သိရှိရပါသည်။ သို့သော်လည်း သန်းပေါင်းများစွာသော လူများအတွက် အလုပ်အကိုင်နှင့် ဝင်ငွေကို ထောက်ပံ့ပေးသောကြောင့် ဝါဂွမ်းသည် နိုင်ငံများစွာအတွက် အလွန်အရေးပါသော သီးနှံဖြစ်သည်။

ယင်းစိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ရေရှည်တည်တံ့သော ဝါသီးနှံထုတ်လုပ်မှု အလေ့အကျင့်များကို မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ အော်ဂဲလ်နစ်ဝါစိုက်ပျိုးခြင်း၊ ပိုးမွှားဒဏ်ခံနိုင်ရည်နှင့် မိုးခေါင်မှုဒဏ်ခံနိုင်ရည် စသည့်စရိုက်လက္ခဏာများရှိသည့် မျိုးရိုးဗီဇပြုပြင်ထားသော (Genetically Modified) GM ဝါမျိုးများကို စိုက်ပျိုးခြင်း စသည်တို့ပါဝင်သည်။

အော်ဂဲလ်နစ်စိုက်ပျိုးရေး အလေ့အကျင့်များသည် မြေဆီလွှာထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရေထိန်းသိမ်းမှုကို မြှင့်တင်ပေးသည်။ အော်ဂဲလ်နစ်ဝါဂွမ်းသည် ကမ္ဘာလုံးဆိုင်ရာ ဝါဂွမ်းထုတ်လုပ်မှု၏ ၀ ဒသမ ၅ ရာခိုင်နှုန်းခန့်သာရှိပါသည်။ အနည်းငယ်သော ရာခိုင်နှုန်းကိုသာ ကိုယ်စားပြုသော်လည်း ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်သော ထုတ်ကုန်များဖြစ်သည့်အတွက် သုံးစွဲသူများ၏ ဝယ်လိုအားတိုးလာပြီး လူကြိုက်များလာပါသည်။ အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ အော်ဂဲလ်နစ်ဝါဂွမ်းထောက်ပံ့မှု၏ ၇၀ ရာခိုင်နှုန်းခန့် ထုတ်လုပ်ပြီး အများဆုံးထုတ်လုပ်သူဖြစ်သည်။

ဘီတီဝါ (BT Cotton)ဟု လူသိများသော ဝါသည် ပိုးမွှားဒဏ်ခံနိုင်ရန် မျိုးရိုးဗီဇပြုပြင်ထားသော (Genetically Modified) GM ဝါမျိုးဖြစ်ပြီး ကမ္ဘာ့ဝါစိုက်ပျိုးမှု၏ ၆၉ ရာခိုင်နှုန်းအထိ ရှိပါသည်။ ယင်းဝါမျိုးကို အမေရိကန်၊ အိန္ဒိယနှင့် တရုတ်နိုင်ငံတို့တွင် ကျယ်ကျယ်ပြန့်ပြန့် လက်ခံကျင့်သုံးကြပြီး ကုန်ထုတ်စွမ်းအားတိုးမြင့်လာကာ ပိုးသတ်ဆေးသုံးစွဲမှု လျော့ကျလာစေသည်။ သို့သော်လည်း သဘာဝပတ်ဝန်းကျင်နှင့် လူမှုစီးပွားထိခိုက်မှုများအပေါ် စိုးရိမ်မှုများနှင့်အတူ GM ဝါဂွမ်းကို လက်ခံကျင့်သုံးမှုသည် အခြေအတင်ဖြစ်နေဆဲဖြစ်ပါသည်။

## ကမ္ဘာ့ဝါထုတ်လုပ်မှု

ဝါကို နှစ်ထောင်ပေါင်းများစွာကတည်းက စိုက်ပျိုးခဲ့ပြီး ကမ္ဘာပေါ်တွင် အရေးကြီးဆုံးသော သဘာဝအမျှင်များထဲမှ တစ်ခုဖြစ်ပါသည်။ ဝါကို ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ကျော်တွင် စိုက်ပျိုးသည်။ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ဝါတန်ချိန် ၂၅ သန်းခန့် ထုတ်လုပ်လျက်ရှိပါသည်။ ကမ္ဘာတွင် ဝါဂွမ်းအများဆုံးထုတ်လုပ်သည့် နိုင်ငံမှာ တရုတ်နိုင်ငံဖြစ်ပြီး ၂၀၂၂ ခုနှစ်တွင် ဝါတန်ချိန် ခြောက်သန်းခန့် ရိတ်သိမ်းနိုင်ခဲ့သည်။ ထိပ်တန်းထုတ်လုပ်သူများမှာ တရုတ်၊ အိန္ဒိယ၊ အမေရိကန်နှင့် ဘရာဇီးတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် ဝါထုတ်လုပ်သည့် နိုင်ငံများတွင် ၁၆ နိုင်ငံမြောက် ဖြစ်ပါသည်။

## မြန်မာ့ဝါစိုက်ပျိုးထုတ်လုပ်မှု

မြန်မာနိုင်ငံတွင် ဝါသီးနှံသည် အဓိကသီးနှံ ၁၀ မျိုးတွင်ပါဝင်ပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝါသီးနှံစိုက်ကေသည် စုစုပေါင်းသီးနှံစိုက်ကေ၏ ၁ ဒသမ ၂၅ ရာခိုင်နှုန်းရှိပြီး သီးနှံထွက်ကုန်များ စုစုပေါင်းတန်ဖိုး၏ ၁ ဒသမ ၄ ရာခိုင်နှုန်းခန့် ရှိကြောင်း တွေ့ရှိရပါသည်။



ရမည်းသင်းဒေသထွက် ဝါဂွမ်းထုတ်ကုန်ပစ္စည်းများ။ ဓာတ်ပုံ-ဇော်ဝင်းအောင်

မြန်မာနိုင်ငံတွင် ဝါကို ပျူခေတ်ကတည်းက စိုက်ပျိုးနေပြီဖြစ်ပြီး ဝါဂွမ်းမှ အဝတ်အထည်များ ရက်လုပ်သုံးစွဲနေပြီဖြစ်ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံတွင် ရှေးယခင်က ချည်မျှင်တိုဝါမျိုးကို စိုက်ပျိုးခဲ့ကြသော်လည်း ၁၉၆၂ ခုနှစ်မှစ၍ ချည်မျှင်ရှည်ဝါကို ကျယ်ကျယ်ပြန့်ပြန့် စတင်စိုက်ပျိုးခဲ့ပါသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ဝါစိုက်ဧရိယာ ၅၃၇၃၁၂ ဧကကို စိုက်ပျိုးခဲ့ပြီး ချည်မျှင်ရှည်ဝါသည် စိုက်ဧရိယာအများဆုံးနှင့် တစ်ဧကအထွက်နှုန်းအမြင့်ဆုံးဖြစ်ကာ စုစုပေါင်းဝါထွက်ရှိမှု၏ ၉၇ ဒသမ ၆ ရာခိုင်နှုန်းရှိကြောင်း တွေ့ရှိရပါသည်။

ဝါသည် အပူပိုင်းဒေသတွင် ဖြစ်ထွန်းသော သီးနှံဖြစ်၍ မြန်မာနိုင်ငံတွင် မကွေး၊ မန္တလေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် စိုက်ပျိုးဖြစ်ထွန်းပြီး ယင်းဒေသများသည် ဝါအများဆုံးထုတ်လုပ်သည့်ဒေသများဖြစ်ပါသည်။ ယင်းဒေသများအပြင် နေပြည်တော်၊ ပဲခူး၊ ရှမ်းနှင့် ချင်းပြည်နယ်တို့တွင်လည်း စိုက်ပျိုးကြသည်။ ၂၀၁၂-၂၀၁၃ မှ ၂၀၂၂-၂၀၂၃ ခုနှစ် ကာလတစ်လျှောက် ဝါထုတ်လုပ်မှုကို လေ့လာကြည့်ပါက ၂၀၁၅-၂၀၁၆ ခုနှစ်တွင် စုစုပေါင်းထုတ်လုပ်မှု တန်ချိန် ၅၁၂၈၁၄ တန်ဖြင့် အမြင့်ဆုံးဖြစ်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ခုနှစ်တွင် ၂၆၂၂၇၇ တန် အနိမ့်ဆုံးသို့ လျော့ကျရောက်ရှိခဲ့သည်။ နိုင်ငံတော်အစိုးရ၏ အားပေးလမ်းညွှန်မှုဖြင့် ဝါထုတ်လုပ်မှုသည် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် သိသိသာသာ ပြန်လည်ကောင်းမွန်လာကာ တန်ချိန် ၃၂၃၀၆၆ သို့ ပြန်လည်မြင့်တက်လာပါသည်။ မြန်မာ့ချည်ထည်လုပ်ငန်းအတွက် အဓိကအချက်အချာကျသော မကွေးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ထုတ်လုပ်မှုတိုးလာခြင်းကြောင့် ပြန်လည်ဦးမော့လာခြင်းဖြစ်ပါသည်။

## မြန်မာ့ဝါကို အားပေးမြှင့်တင်ခြင်း

ယခုအခါ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဝါသီးနှံအထွက်တိုးရေးကို ဆောင်ရွက်လျက်ရှိပြီး အရည်အသွေးမြင့်မားသည့် ချည်ထည်များ ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်နေပါသည်။ ဈေးကွက်ဝယ်လိုအားရှိသည့် ချည်မျှင်ရှည်ဝါများ တိုးတက်စိုက်ပျိုးထုတ်လုပ်ရန်၊ ပြည်တွင်းရှိ ချည်မျှင်နှင့် အထည်စက်ရုံများအတွက် အရည်အသွေးကောင်းဝါများ စိုက်ပျိုးထုတ်လုပ်ပြီး ပြည်ပမှ ဝါဂွမ်းနှင့် ချည်များတင်သွင်းမှုကို လျှော့ချရန်၊ ဝါသီးနှံတန်ဖိုးကွင်းဆက်ဖွံ့ဖြိုးတိုးတက်ပြီး ဝါစိုက်တောင်သူများနှင့် ဝါလုပ်ငန်းရှင်များ ကုန်ထုတ်လုပ်မှု မြင့်မားစေရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။ ဝါသီးနှံစိုက်ပျိုးရေးစီမံကိန်းကို ၂၀၂၂-၂၀၂၃ ခုနှစ်မှ ၂၀၂၅-၂၀၂၆ ခုနှစ်အထိ ချမှတ်ထားပြီး စစ်ကိုင်း၊ မန္တလေး၊ ပဲခူးတိုင်းဒေသကြီးများနှင့် ရှမ်းပြည်နယ်နှင့် နေပြည်တော်ကောင်စီနယ်မြေများကို စီမံကိန်းဒေသအဖြစ် သတ်မှတ်၍ ဝါစိုက်ပျိုးရေးဇုန် ၁၉ ခု အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်မှာကြားချက်များနှင့်အညီ ဝန်ကြီးဌာနများအနေဖြင့် ပြည်တွင်းဝါ၊ ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝါစိုက်ပျိုးထုတ်လုပ်ရောင်းချသူများ၊ ဝါလုပ်ငန်းရှင်များ၊ ပုဂ္ဂလိကဝါစေ့ဆီစက်များ၊ ဝါကြိတ်လုပ်ငန်းများနှင့် ချည်မျှင်နှင့် အထည်စက်ရုံများသို့ သွားရောက်၍ တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်း၊ ဝါစိုက်ပျိုးထုတ်လုပ်မှုမှ အထည်အလိပ်များ ထုတ်လုပ်သည်အထိ တန်ဖိုးမြှင့်ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပခြင်းတို့ ဆောင်ရွက်လျက်ရှိပါသည်။

လက်ရှိတွင် နိုင်ငံတော်ကလည်း ဝါစိုက်ပျိုးရေးဇုန် ၁၉ ခု အကောင်အထည်ဖော်၍ ဝါအထွက်နှုန်းတိုးမြင့်အောင် ဆောင်ရွက်လျက်ရှိပြီး အဆင့်မီသည့် ချည်ထည်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်တွင်းအဝတ်အထည်လိုအပ်ချက်ကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်သည်သာမက ပြည်ပသို့လည်း တင်ပို့နိုင်မည်ဖြစ်ပါသည်။

## ရေရှည်တည်တံ့သော မြန်မာ့ဝါဖွံ့ဖြိုးတိုးတက်ရေးဆီသို့

မြန်မာ့ဝါသည် သိသာထင်ရှားသော အလားအလာကောင်းများရှိပြီးဖြစ်ကာ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ဆောင်ရွက်နေပြီဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဝါဂွမ်းစိုက်ပျိုးခြင်းသည် မြေဆီလွှာပျက်စီးမှု၊ ရေရှားပါးမှုနှင့် ပိုးမွှားကျရောက်မှုအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စိန်ခေါ်မှုများစွာကို ရင်ဆိုင်ရပါသည်။ ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေး (Integrated Pest Management – IPM)၊ ဓာတုသွင်းအားစုများကို ရှောင်ရှားပြီး သဘာဝဖြစ်စဉ်များကို အလေးပေးသည့် အော်ဂဲလ်နစ်စိုက်ပျိုးရေးနှင့် ထိရောက်သော ဆည်မြောင်းစနစ်များကဲ့သို့သော ရေရှည်တည်တံ့သော စိုက်ပျိုးရေးအလေ့အကျင့်များကို မြှင့်တင်ခြင်းဖြင့် အဆိုပါစိန်ခေါ်မှုများကို လျော့ပါးသက်သာစေနိုင်မည်ဖြစ်ပါသည်။

ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု မြှင့်တင်ခြင်းအပြင် တစ်ဖက်တွင် ဝါဂွမ်းမှ အဆင့်မီအထည်အလိပ် လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန်အတွက် ဝါကြိတ်စက်များ၊ ချည်မျှင်နှင့် အထည်စက်များကို စွမ်းဆောင်ရည်မြှင့်တင်ခြင်း၊ အထည်ချုပ်လုပ်ငန်းများဖွံ့ဖြိုးအောင် ဆောင်ရွက်ခြင်းတို့ကို တစ်ဆက်တစ်စပ်တည်း ဆောင်ရွက်သွားရမည်ဖြစ်သောကြောင့် ယင်းလုပ်ငန်းများကို ဒေသအလိုက် ထူထောင်နိုင်ရေးနှင့် ရေရှည်ရှင်သန်နိုင်ရေး၊ ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးရန်နှင့် ပြည်တွင်း၊ ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာအောင် ဖိတ်ခေါ်ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

> ❂ ဝါကို ကမ္ဘာ့နိုင်ငံပေါင်း ၇၀ ကျော်တွင် စိုက်ပျိုးသည်။ လက်ရှိအချိန်တွင် ကမ္ဘာတစ်ဝန်း၌ ဝါတန်ချိန် ၂၅ သန်းခန့် ထုတ်လုပ်လျက်ရှိ
>
> ❂ ထိပ်တန်းထုတ်လုပ်သူများမှာ တရုတ်၊ အိန္ဒိယ၊ အမေရိကန်နှင့် ဘရာဇီးတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် ဝါထုတ်လုပ်သည့် နိုင်ငံများတွင် ၁၆ နိုင်ငံမြောက်ဖြစ်

## နိဂုံး

အရည်အသွေးမြင့် ချည်မျှင်ရှည်ဝါမျိုးများကို အာရုံစိုက်ပြီး စိုက်ပျိုးမှုမှသည် အဆင့်မီအထည်အလိပ်ထုတ်လုပ်ခြင်းအထိ ဝါတန်ဖိုးကွင်းဆက်တစ်ခုလုံး တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်းသည် ကမ္ဘာ့ဝါကဏ္ဍတွင် မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို အားကောင်းစေမည်ဖြစ်ပါသည်။ သွင်းကုန်မှီခိုမှုကို လျှော့ချရန်နှင့် ပြည်တွင်းအထည်အလိပ်လုပ်ငန်း၏ စွမ်းဆောင်ရည်ကို မြှင့်တင်ရန်ရည်ရွယ်၍ ဝါအထွက်နှုန်းနှင့် အရည်အသွေးမြှင့်တင်ရန် နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိပြီး ရေရှည်တည်တံ့သော အလေ့အကျင့်များနှင့် နည်းပညာတိုးတက်မှုများကို လက်ခံကျင့်သုံးခြင်းဖြင့် ဝါဂွမ်းထုတ်လုပ်မှုတွင် စိန်ခေါ်မှုများကို ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ဝါသီးနှံ၏ အရေးပါမှုနှင့် ဝါကဏ္ဍရှိ တိုးတက်မှုများကို ဂုဏ်ပြုရန်၊ ဝါသည် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပံ့ပိုးပေးသည့် အရေးကြီးသောကုန်ပစ္စည်းတစ်ခုအဖြစ် ဆက်လက်တည်ရှိစေရန်၊ စီးပွားရေးတိုးတက်မှုနှင့် သဘာဝပတ်ဝန်းကျင်တည်တံ့ခိုင်မြဲစေရန်၊ ရာသီဥတုပြောင်းလဲမှု၊ ဈေးကွက်မတည်ငြိမ်မှုနှင့် အလုပ်သမားပြဿနာများကို ဖြေရှင်းရန်၊ ရေရှည်တည်တံ့သော ဝါဂွမ်းထုတ်လုပ်မှု၊ လယ်သမားများ၏ စွမ်းအားမြှင့်တင်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများဖြင့် ဝါဂွမ်းကဏ္ဍသည် အပြုသဘောဆောင်သော အခန်းကဏ္ဍမှ ဆက်လက်ပါဝင်နေရန် အားလုံးပါဝင်ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါသည်။

အားလုံးအတွက် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဖန်တီးပေးနိုင်ရန်နှင့် ဝါနှင့် ချည်ထည်ကဏ္ဍတွင်ရေရှည်တည်တံ့ပြီး အားလုံးပါဝင်နိုင်သော တိုးတက်မှုကို ပံ့ပိုးကူညီကြရန် ကမ္ဘာ့ဝါသီးနှံနေ့ကို နိုင်ငံအများအပြားတွင် ဆောင်ရွက်နေသကဲ့သို့ မြန်မာ့ဝါသီးနှံကဏ္ဍ ဝါစိုက်ပျိုးထုတ်လုပ်သူမှသည် ချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများအထိ ဝါသီးနှံတန်ဖိုး ကွင်းဆက်တစ်လျှောက် ဖွံ့ဖြိုးတိုးတက်မှုရရှိရန် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်များနှင့်အညီ အားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ယင်းသို့ဆောင်ရွက်လျက်ရှိရာတွင် ဝါသီးနှံတန်ဖိုး ကွင်းဆက်တစ်လျှောက်ရှိ ဝါစိုက်ပျိုးတောင်သူများမှသည် အထည်ချုပ်လုပ်သားများအထိ ပါဝင်ပတ်သက်လုပ်ကိုင်နေသူများအား ဂုဏ်ပြုသောအားဖြင့် မြန်မာ့ဝါသီးနှံနေ့တစ်နေ့အဖြစ် သတ်မှတ်ဂုဏ်ပြုပေးသင့်ပါကြောင်း တင်ပြအပ်ပါသည်။ ။

# ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်းဖွင့်ပွဲအခမ်းအနားနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း(ပထမအကြိမ်)အတွက် အွန်လိုင်းသင်တန်းဖွင့်ပွဲကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ခရီးသွားစစ်တမ်းများ စတင်ကောက်ယူခြင်းဖွင့်ပွဲ အခမ်းအနားနှင့် ပြည်ဝင်ခရီးသွားစစ်တမ်း(ပထမအကြိမ်)အတွက် အွန်လိုင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီး၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ စစ်တမ်းကောက်ယူကြမည့် အရာထမ်း၊ အမှုထမ်းများက In-Person ဖြင့် တက်ရောက်ကြပြီး မုံရွာစီးပွားရေးတက္ကသိုလ်၊ မန္တလာတက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ အမျိုးသားစီမံခန့်ခွဲမှုပညာ ဒီဂရီကောလိပ်(ရန်ကုန်)မှ ဌာနမှူးများ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်(MTF) မှ ကိုယ်စားလှယ်များ၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန နယ်ရုံးခွဲများမှ အရာထမ်း၊ အမှုထမ်းများက Hybrid စနစ်ဖြင့် တက်ရောက်ကြသည်။



**စစ်တမ်းကောက်ယူမှု အနီးစပ်ဆုံးသိရှိနိုင်မည်**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကို လာရောက်လည်ပတ်ကြသည့် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည်များ၏ ခရီးသွားရခြင်းရည်ရွယ်ချက်များ၊ နေထိုင်မှုကာလ၊ အသုံးစရိတ်၊ ဝန်ဆောင်မှုများအပေါ် စိတ်ကျေနပ်မှုအခြေအနေ၊ မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များကို သိရှိနိုင်စေရန် အတွက် ပြည်တွင်းပြည်ပ ခရီးသွားစစ်တမ်းများကို ကောက်ယူခြင်းဖြစ်ကြောင်း၊ ပြည်ဝင်ခရီးသွားစစ်တမ်းကောက်ယူခြင်းကို ရန်ကုန်၊ မန္တလေး၊ တာချီလိတ်၊ မူဆယ်၊ ကော့သောင်းမြို့များရှိ နိုင်ငံတကာလေဆိပ်များ၊ နယ်စပ်ဂိတ်များ၊ ရေဆိပ်များနှင့် ပြည်တွင်းခရီးသွားစစ်တမ်းကို ခရီးသွားဆွဲဆောင်ရာနေရာများ၊ ဝင်/ထွက်ပေါက်များ၊ မီးရထားဘူတာရုံများတွင် ကောက်ယူသွားမည်ဖြစ်ကြောင်း၊ ခရီးသွားဧည့်သည်များ၏ ခရီးသွားလုပ်ငန်းတွင် သုံးစွဲခဲ့မှုများကို ခရီးသွားစစ်တမ်းများ ကောက်ယူခြင်းမှသာ အနီးစပ်ဆုံး သိရှိနိုင်မည်ဖြစ်ပြီး ၎င်းတို့သုံးစွဲခဲ့သည့် အသုံးစရိတ်များမှတစ်ဆင့် ခရီးသွားလုပ်ငန်းမှ ဝင်ငွေ (Tourism Receipts) ကို တွက်ချက်သိရှိနိုင်မည်ဖြစ်သည့်အတွက် ခရီးသွားစစ်တမ်းများ စဉ်ဆက်မပြတ်ကောက်ယူသွားနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှု ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက ပြည်ဝင်ခရီးသွားစစ်တမ်း (ပထမအကြိမ်) ကောက်ယူသွားမည့် အစီအစဉ်များနှင့် စစ်တမ်းကောက်ယူမည့် အရာထမ်း၊ အမှုထမ်းများအား သင်တန်းများ ဖွင့်လှစ်သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

**ဈေးကွက်များရှာဖွေမြှင့်တင်**

ခရီးသွားစစ်တမ်းလေ့လာဖော်ထုတ်ချက်များမှတစ်ဆင့် မြန်မာနိုင်ငံသားခရီးသွားများနှင့် နိုင်ငံတကာခရီးသွားများ၏ လိုအပ်ချက်များ၊ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ် (Action Plan)များ ရေးဆွဲခြင်း၊ ခရီးသွားဆွဲဆောင်မှုပုံစံသစ်များ ဖော်ထုတ်ခြင်း၊ ကောင်းမွန်သည့် ဝန်ဆောင်မှုများ ဖြည့်ဆည်းဆောင်ရွက်ခြင်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဈေးကွက်များ ရှာဖွေမြှင့်တင်ခြင်း (Market Assessment & Promotion) တို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီ (၂/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စာရင်းကောက်ယူရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ ဦးစီးဌာနများမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီမှ ကိုယ်စားလှယ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရန်ကုန်/မန္တလေး မြို့တော်စည်ပင်သာယာရေး ကော်မတီ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့မှ ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီး/ပြည်နယ်များမှ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ပြည်နယ် စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီများမှ အတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားကော်မတီ၏ အမျိုးသားအဆင့် ဒုတိယ (၅) နှစ်စီမံချက် (၂၀၂၄-၂၀၂၈) ကာလအစဖြစ်သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်တွင် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး / ပြည်နယ်များတွင် ကလေးလုပ်သားစစ်တမ်းကောက်ယူရန် Pilot Project အဖြစ်ဆောင်ရွက်မည့် မြို့နယ်သတ်မှတ် ရွေးချယ်ထားရှိမှု၊ လုပ်ငန်းအချိန်ဇယားအတိုင်း စီစဉ်ဆောင်ရွက်မှု၊ ဘဏ္ဍာငွေလျာထားမှုနှင့် မြန်မာနိုင်ငံကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အမျိုးသားအဆင့် ဒုတိယ (၅) နှစ်စီမံချက် အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။



ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူး ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ်က စာရင်းကောက်ယူရေး လုပ်ငန်းကော်မတီ(၁/၂၀၂၄) လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအား ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များက ကလေးလုပ်သားစစ်တမ်းကောက်ယူရေး လုပ်ငန်းဆောင်ရွက်မှုနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ ဆွေးနွေးတင်ပြမှုများ၊ အကြံပြုချက်များအပေါ် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)၊ လျှောက်လွှာပုံစံများ(မူကြမ်း)တို့နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇူလိုင် ၃၁**

ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ (မူကြမ်း)၊ လျှောက်လွှာပုံစံများ (မူကြမ်း) တို့နှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၌ Virtual စနစ်ဖြင့် ကျင်းပသည်။



အစည်းအဝေးတွင် မူပိုင်ခွင့်ဆိုင်ရာအေဂျင်စီ ဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက စိုက်ပျိုးရေးထွက်ကုန်များ၊ ဒေသထွက်ကုန်များ၏ အရည်အသွေး မြှင့်တင်နိုင်ရန်နှင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်နိုင်ရေး ရည်ရွယ်ဆောင်ရွက်ရာတွင် ဒေသဆိုင်ရာအညွှန်း အကာအကွယ်ပေးခြင်းစနစ်သည် များစွာအထောက်အကူပြုနိုင်မည် ဖြစ်ကြောင်း၊ ဒေသဆိုင်ရာ အညွှန်းအကာအကွယ်ပေးမှုနှင့် စပ်လျဉ်းသည့် ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နည်းဥပဒေများကို ပြဋ္ဌာန်းရန် လိုအပ်နေကြောင်း၊ လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်ပြီး နည်းဥပဒေအတည်ပြုနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မူပိုင်ခွင့်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံတို့က ဒေသဆိုင်ရာ အညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာ နည်းဥပဒေ(မူကြမ်း)၊ လျှောက်လွှာပုံစံများ (မူကြမ်း)တို့နှင့်စပ်လျဉ်း၍ အကြံပြုချက်များ၊ သဘောထားမှတ်ချက်များ တောင်းခံရရှိခဲ့မှု၊ ပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုဆွေးနွေးကြသည်။

အဆိုပါ ဒေသဆိုင်ရာအညွှန်းမှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေကို အတည်ပြုပြဋ္ဌာန်းကျင့်သုံးနိုင်ပါက မြန်မာနိုင်ငံအတွင်း ထွက်ရှိသော ဒေသထွက်ကုန်များဖြစ်သည့် ရွှေဘိုပေါ်ဆန်း၊ ရှမ်းကော်ဖီ၊ ကျောက်ဆည်စိန်တလုံး၊ ပုဂံယွန်းကဲ့သို့သော ဒေသထွက်ကုန်များကို အရည်အသွေးပြည့်မီစွာဖြင့် နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်ဝင်ရောက်နိုင်သည့် အခွင့်အလမ်းများ ရရှိနိုင်မည့်အပြင် ထုတ်ကုန်တန်ဖိုးတိုးမြှင့်ရရှိနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/ ၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၃၁**

မွန်ပြည်နယ်အတွင်းမှ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ယနေ့တွင် မော်လမြိုင်မြို့ရှိ နယ်မြေခံသင်တန်း၌ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်လင်းမောင်နှင့် တာဝန်ရှိသူများက သွားရောက် တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့တွေ့ဆုံရာတွင်ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄/၂၀၂၄)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပြီး(**အောက်ဝဲပုံ**) ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက သင်တန်းသားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ် (၄/၂၀၂၄) သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ဂုဏ်ပြုကြိုဆိုကြပြီး နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကျွေးမွေးခဲ့ကြကြောင်း သတင်းရရှိသည်။(**အောက်ပုံ**)

**သတင်းစဉ်**






# ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ မိသားစုဝင် သား သမီးများအား တိုင်းစစ်ဌာနချုပ်များ၌ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

**နေပြည်တော် ဇူလိုင် ၃၁**

၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာ အောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲ၊ စစ်မှုထမ်းဟောင်းနှင့် စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ မိသားစုဝင် သားသမီးများအား ဂုဏ်ပြုချီးမြှင့်ပေးအပ်ခြင်းနှင့် တက္ကသိုလ်တက်ရောက်နေသော ကျောင်းသား ကျောင်းသူများအား ပညာသင်စရိတ် ပေးအပ်ခြင်းများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့ရှိ သတ်မှတ်နေရာအသီးသီး၌ ပြုလုပ်ကြရာ တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် မိဘများ တက်ရောက်ကြသည်။




ဦးစွာ တိုင်းမှူးများနှင့် ဒုတိယတိုင်းမှူးတို့က ဂုဏ်ပြုအမှာစကားများအသီးသီး ပြောကြားကြသည်။ ထို့နောက် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများနှင့် တာဝန်ရှိသူများက ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ဂုဏ်ပြုဆုတံဆိပ်များနှင့် ပညာသင်စရိတ်များ ပေးအပ်ကြရာ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများက လက်ခံရယူခဲ့ကြသည်။ ယင်းနောက် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသား ကျောင်းသူတစ်ဦးစီက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြသည်။

ထို့ပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်း၌လည်း ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် စစ်မှုထမ်းဆဲနှင့် စစ်သည်အစားခန့် အရပ်သားဝန်ထမ်းများ မိသားစုဝင် သား သမီးများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်း အခမ်းအနားပြုလုပ်ခဲ့ပြီး ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုငွေများ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ယာယီပိတ်ထားသည့် စာသင်ကျောင်း ၂၄၅ ကျောင်းရှိရာ ၁၃၂ ကျောင်း ပြန်လည်ဖွင့်လှစ်

**မကွေး ဇူလိုင် ၃၁**

မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် မြစ်ရေများဝင်ရောက်ခဲ့သဖြင့် ယာယီပိတ်ထားသော စာသင်ကျောင်း ၂၄၅ ကျောင်းရှိရာ ဇူလိုင် ၃၀ ရက်အထိ စာသင်ကျောင်း ၁၃၂ ကျောင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးနေပြီဖြစ်ကြောင်း သိရသည်။

ယခုအခါ ရေဝတီမြစ်ရေ စိုးရိမ်ရေမှတ်အောက် တဖြည်းဖြည်းကျဆင်းလာမှုကြောင့် မကွေးမြို့နယ်တွင် စာသင်ကျောင်း ၁၄ ကျောင်း၊ ရေနံချောင်းမြို့နယ်တွင် စာသင်ကျောင်း သုံးကျောင်း၊ ချောက်မြို့နယ်တွင် စာသင်ကျောင်း တစ်ကျောင်း၊ မင်းဘူးမြို့နယ်တွင် စာသင်ကျောင်း လေးကျောင်း၊ ပွင့်ဖြူမြို့နယ်တွင် စာသင်ကျောင်း ၁၅ ကျောင်း၊ စလင်းမြို့နယ်တွင် စာသင်ကျောင်း ၁၁ ကျောင်း၊ သရက်မြို့နယ်တွင် စာသင်ကျောင်းခြောက်ကျောင်း၊ ကံမမြို့နယ်တွင် စာသင်ကျောင်း ၂၆ ကျောင်း၊ မင်းလှမြို့နယ်တွင် စာသင်ကျောင်း နှစ်ကျောင်း၊ အောင်လံမြို့နယ် တွင် စာသင်ကျောင်း ၁၂ ကျောင်း၊ ဆင်ပေါင်ဝဲမြို့နယ်တွင် စာသင်ကျောင်း ၁၁ ကျောင်း၊ ပခုက္ကူမြို့နယ်တွင် စာသင်ကျောင်း ၁၈ ကျောင်း၊ ဆိပ်ဖြူမြို့နယ်တွင် စာသင်ကျောင်း လေးကျောင်း၊ ရေစကြိုမြို့နယ်တွင် စာသင်ကျောင်းလေးကျောင်း စုစုပေါင်း စာသင်ကျောင်း ၁၃၂ ကျောင်း ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများအား ပုံမှန်အတိုင်း ပညာသင်ကြားပေးလျက်ရှိသည်။

ကျန်ရှိသည့် စာသင်ကျောင်း ၁၁၃ ကျောင်းကိုလည်း မြစ်ရေကျဆင်းပါက ပြန်လည်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းနှင့် စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း မကွေးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ သိရသည်။

**မကွေးခရိုင်**

**(ပြန်/ဆက်)**

# ရတနာပုံတက္ကသိုလ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ (ပထမအကြိမ်) ပို့ချချက် ဖွင့်ပွဲအခမ်းအနား ကျင်းပ

**မန္တလေး ဇူလိုင် ၃၁**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ရတနာပုံတက္ကသိုလ်၌ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ (ပထမအကြိမ်)ပို့ချချက်ဖွင့်ပွဲကို ဇူလိုင် ၃၁ ရက် နံနက် ၉ နာရီက အဆိုပါတက္ကသိုလ်ရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာ၊ ဒုတိယပါမောက္ခချုပ်များ၊ ဘာသာရပ်အသီးသီးမှ ပါမောက္ခ (ဌာနမှူး) များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စီမံရေးရာဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပါမောက္ခချုပ်က အမှာစကားပြောကြားရာတွင် ကျောင်းသား ကျောင်းသူလူငယ်များအနေဖြင့် ဒီမိုကရေစီအသိနှင့် ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့် ဘာသာစကား၊ အတွေးအခေါ်၊ ဓလေ့စရိုက်၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ အမျိုးသားရေးသွင်ပြင်များကို ထိန်းသိမ်းမှတ်သားလိုက်နာရမည့် အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဥပဒေပညာဌာနမှ ပါမောက္ခ(ဌာနမှူး) ဒေါက်တာခင်မျိုးသန့်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အကြောင်းအရာများ၊ ရွေးကောက်ပွဲဥပဒေအကြောင်း သိကောင်းစရာများ၊ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်၊ မဲဆန္ဒရှင်တစ်ဦး၏ အခွင့်အရေးများ၊ မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန် အချက်များ၊ ကြိုတင်မဲပေးနိုင်သူများ၊ မဲဆန္ဒနယ်ပြင်ပရောက် ကြိုတင်ဆန္ဒမဲပေးခွင့်ရှိသူများ လိုက်နာရမည့်အချက်များ၊ ကြိုတင်ဆန္ဒမဲပေးခြင်းနည်းလမ်းများ၊ ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့် မဲမပေးဖြစ်သူများ၊ မဲဆန္ဒရှင်တစ်ဦး ဆောင်ရန်အချက်များ၊ မဲဆန္ဒရှင်တစ်ဦး မှတ်သားရန်အချက်များ စသည်တို့ကို ပို့ချဆွေးနွေးသည်။ ထို့နောက် တက်ရောက်လာကြသည့် ဆရာ ဆရာမများ ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးကြကြောင်း သိရသည်။ **တင်မောင်-မန်း**





## စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့်အောင်နိုင်ရေး ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်း

မုံရွာ ဇူလိုင် ၃၁

**၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးနှင့်အောင်နိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ဇူလိုင် ၃၁ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။** (အပေါ်ပုံ)

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က မိမိတို့တိုင်းဒေသကြီးအနေဖြင့် ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ အားကစားနည်း ၂၁ နည်းအား အားကစားသမား ၃၇၁ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင် အားကစားသမားများအနေဖြင့် မိမိတို့ယှဉ်ပြိုင်ရမည့် အားကစားနည်းများအလိုက် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ယခင်တင်ထားသည့် ပြိုင်ပွဲများ၏ စံချိန်များကို ချိုးနိုင်သည်အထိ ယှဉ်ပြိုင်အနိုင်ရရှိရေးအား ရည်မှန်းချက်ထားကာ ကြိုးပမ်းလေ့ကျင့်ယှဉ်ပြိုင်သွားကြရန် လိုကြောင်း၊ အားကစားသမားများအား စခန်းသွင်း လေ့ကျင့်ရာတွင်လည်း စိတ်ဓာတ်စည်းကမ်းကောင်းမွန်ပြီး အမှန်တကယ် အရည်အချင်းရှိသူများကိုသာ စိစစ်ရွေးချယ်ကြရန် လိုအပ်ကြောင်း။

ပြိုင်ပွဲများတွင် ဆုတံဆိပ်များရရှိအောင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများ၏ လေ့ကျင့်ရေး၊ စားသောက်နေထိုင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှု လိုအပ်ချက်များအား မိမိတို့ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအားလုံးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်သည့်အတွက် ပြိုင်ပွဲတိုင်းတွင် အောင်မြင်မှုများရရှိရေးကိုသာ တာဝန်ရှိသူများနှင့် အားကစားသမားများက အစွမ်းကုန် ကြိုးစားသွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်ဇော်လွင်က ကြိုတင်စီစဉ်ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာသိပ္ပံ (မုံရွာ) တို့မှ အားကစားနည်းအလိုက် တာဝန်ခံများ၊ နည်းပြ/အုပ်ချုပ်သူများက မိမိတို့တာဝန်ယူဆောင်ရွက်နေသည့် အားကစားနည်းများအလိုက် စခန်းသွင်းစုဖွဲ့လေ့ကျင့်နေမှုများနှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော် အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေး၊ အောင်နိုင်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်ကများကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## ပဲခူးမြို့နယ်အတွင်း ရေကြီးမှုဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပြတ်တောက်မှုမရှိစေရေး အလေးထားဆောင်ရွက်

**ပဲခူး ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ဇူလိုင် ၃၁ ရက် နံနက်ပိုင်းက သဘာဝကွပ်ကဲမှုရုံး၌ တိုင်းဒေသကြီး သဘာဝဘေးစီမံခန့်ခွဲရေး ကော်မတီများနှင့် တွေ့ဆုံဆွေးနွေးသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ဧရာဝတီမြစ်ရေနှင့် မြစ်မခမြစ်ရေတို့သည် ပြန်လည်စတင်ကျဆင်းနေပြီဖြစ်၍ စာသင်ကျောင်းများ၊ ဆေးရုံများနှင့် အများနှင့်သက်ဆိုင်သည့် နေရာများတွင် သန့်ရှင်းရေး ပြုလုပ်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ တစ်ပါတည်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရေပြန်လည်ကျဆင်းသွားသည့် ဒေသများရှိ သီးနှံစိုက်ခင်း အမျိုးအစားအလိုက် ရေနစ်မြုပ်ဆဲကော၊ ရေပြန်ပေါ်ကော၊ ထိခိုက်ကော၊ ပျက်စီးကောစာရင်းများ စနစ်တကျ ပြုစုထားရန်နှင့် ပြန်လည်အစားထိုး စိုက်ပျိုးနိုင်ရေးကိုလည်း ကြိုတင်ပြင်ဆင်ထားရမည်ဖြစ်ကြောင်း၊ ရေကြီးနစ်မြုပ်သည့် ဒေသများတွင် အခြေခံစားသုံးကုန်များ ဈေးနှုန်းကြီးမြင့်မှုမရှိစေရေး ဖွဲ့စည်းထားပြီးဖြစ်သည့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအဖွဲ့များက အနီးကပ်ကြီးကြပ်စစ်ဆေးခြင်းများ ဆောင်ရွက်သွားရန် လိုအပ်ပြီး ရေကြီးမှုဖြစ်စဉ်ကြောင့် လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှု ပြတ်တောက်မှုမရှိစေရေး အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများ၊ ပဲခူးမြို့နယ် တပ်နယ်မှူးနှင့် တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများက ရေကြီးနစ်မြုပ်မှုဖြစ်စဉ်နှင့်ပတ်သက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု စသည့် သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီး သဘာဝဘေးကွပ်ကဲမှုရုံးသို့ လာရောက်လှူဒါန်းသည့် စေတနာရှင်ပြည်သူများ၏ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများအား လက်ခံရယူသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ပဲခူးမြစ်ကူးတံတား(မြို့ဦးကင်း) မှ ပဲခူးမြစ်ရေစီးထွက်နေမှု၊ ဘောနတ်ကြီးကျေးရွာအနီး (၃၉) မိုင်စစ်ဆေးရေးဂိတ် ရေဝင်ရောက်နေမှုနှင့် ဘုရားကြီးမြို့နှင့် ပဲခူးမြို့သွားကားလမ်း ရေကျော်နေမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ပဲခူးမြို့ ဖောင်တော်ဦးကျောင်းသစ်၌ ဖွင့်လှစ်ထားသည့် ယာယီ ရေဘေးရှောင်စခန်းသို့ သွားရောက်ခဲ့ပြီး ပဓာနနာယကဆရာတော်အား နဝကမ္မအလှူငွေနှင့် ရေဘေးသင့်ပြည်သူများအတွက် စားသုံးကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာန၏ ဆန်ရိက္ခာဖိုးတစ်ပတ်စာထောက်ပံ့ပေးအပ်ပြီး ဇိုင်းဂနိုင်းတောင်ပိုင်း ရပ်ကွက်အတွင်း ပဲခူးမြစ်ရေဝင်ရောက်နေမှုအား စက်လှေများဖြင့် လှည့်လည်ကြည့်ရှုခဲ့သည်။ **(အောက်ပုံ)**

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## လက်ပံတန်းမြို့၌ ရေဘေးသင့် တောင်သူများထံသို့ တိရစ္ဆာန်အစာများထောက်ပံ့

**လက်ပံတန်း ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ရေဘေးသင့်ဒေသတောင်သူများအား တိရစ္ဆာန်အစာထောက်ပံ့ပေးအပ်ပွဲကို ဇူလိုင် ၃၁ ရက် မွန်းလွဲပိုင်းက မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၌ ပြုလုပ်သည်။



ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌဦးနေမင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာ ဇော်မြင့်အောင်က တိရစ္ဆာန်အစာ ထောက်ပံ့ရခြင်းရည်ရွယ်ချက်နှင့် အစာကျွေးမွေးမှုနည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လက်ပံတန်းမြို့နယ်အတွင်း ရေဘေးသင့်ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တိရစ္ဆာန်မွေးမြူသူ တောင်သူများအား တစ်အုပ်စုလျှင် ၅၀ ကီလိုဂရမ် လေးအိတ်နှုန်းဖြင့် စုစုပေါင်း အိတ် ၄၀ ထောက်ပံ့ပေးအပ်ရာ ကျေးရွာ အုပ်ချုပ်ရေးမှူးများက လက်ခံရယူသည်။ (ဝဲပုံ) ကျန်ရှိသော ကျေးရွာအုပ်စုများကို ဆက်လက် ထောက်ပံ့နိုင်ရေး ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှသိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## သဘာဝဘေးသင့်ဒေသများသို့ တိရစ္ဆာန်အစာထောက်ပံ့

**ရွှေတောင် ဇူလိုင် ၃၁**

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ သဘာဝဘေးသင့်ဒေသများသို့ တိရစ္ဆာန်အစာနှ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(အောက်ပုံ)**

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်က အမှာစကားပြောကြားပြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာအေးချမ်းဝင်းက တိရစ္ဆာန်အစာနှ ကျွေးပုံကျွေးနည်းနှင့် ကျွေးရမည့် တိရစ္ဆာန်များအား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့်အဖွဲ့ဝင်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာ အေးချမ်းဝင်းတို့က ရေဘေးကျရောက်သည့် ရပ်ကွက်တစ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၂၀ အတွက် တိရစ္ဆာန်အစာနှ (50kg) အိတ် ၄၀ ထောက်ပံ့ပေးအပ်ခဲ့သည်။ **ကိုကိုမင်း (ပြန်/ဆက်)**



## မြန်အောင်မြို့နယ်၌ ယာယီပိတ်ထားသော အခြေခံပညာကျောင်း ၁၆ ကျောင်း ပြန်ဖွင့်လှစ်

**မြန်အောင် ဇူလိုင် ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ်တွင် ဧရာဝတီမြစ်ရေ ဝင်ရောက်သဖြင့် အခြေခံပညာကျောင်း စုစုပေါင်း ၃၆ ကျောင်း ယာယီပိတ်ထားရာမှ အခြေခံပညာကျောင်း ၁၆ ကျောင်းကို မြစ်ရေ ကျဆင်းလာသဖြင့် ပြန်လည်ဖွင့်လှစ် သင်ကြားလျက်ရှိသည်။

မြန်အောင်မြို့နယ်၌ အခြေခံပညာအထက်တန်းအဆင့် တစ်ကျောင်း၊ အခြေခံပညာအလယ်တန်းအဆင့် သုံးကျောင်း၊ အခြေခံပညာ မူလတန်းအဆင့် ၁၂ ကျောင်း စုစုပေါင်း ၁၆ ကျောင်း ပြန်လည်ဖွင့်လှစ်ကြောင်းနှင့် အဆိုပါကျောင်းများတွင် တင်ကျန်ရစ်သည့် ရွှံ့နွံအမှိုက်သရိုက်များအား ရှင်းလင်းခြင်းကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဆရာ ဆရာမများ၊ ကျောင်းကော်မတီဝင်များနှင့် ကျောင်းသား မိဘများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ်(ပြန်/ဆက်)**

❍ *ကျောဖုံးမှ*

ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။ နည်းပြ သီယာရီ အွန်နရီ ကိုင်တွယ်နေသည့် ပြင်သစ် ယူ-၂၃ အသင်းသည် ပွဲစဉ် (၁)တွင် အမေရိကန်အသင်းကို သုံးဂိုး - ဂိုး မရှိ၊ ပွဲစဉ် (၂) တွင် ဂီနီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့သလို ယခုအုပ်စု နောက်ဆုံးပွဲစဉ်တွင်လည်း ပြိုင်ဘက် နယူးဇီလန်ကို သုံးဂိုး-ဂိုးမရှိဖြင့် နိုင်ပွဲရရှိခဲ့ခြင်း ဖြစ်သည်။

**ပေးဂိုးခွင့်ပြုခြင်းမရှိ**

ပြင်သစ် ယူ -၂၃ အသင်းသည် အဆိုပါ ပွဲစဉ် သုံးပွဲတွင် ရဂိုး ခုနစ်ဂိုးအထိရှိပြီး ပေးဂိုးခွင့်ပြုထားရခြင်း မရှိသေးပေ။ နယူးဇီလန် ယူ -၂၃ အသင်းသည် ပြင်သစ် ယူ-၂၃ အသင်းဘက်သို့ ရုံဖန်ရံခါမှသာ ထိုးဖောက်တိုက်စစ်ဆင်ကစားနိုင်ပြီး ပြိုင်ဘက်အသင်း၏ ဖိအားပေး တိုက်စစ်ဆင်မှုများကိုသာ ပွဲချိန်တစ်လျှောက် ခုခံကာကွယ်ခဲ့ရသည်။

အမျိုးသား ယူ -၂၃ ဘောလုံးပြိုင်ပွဲမှ အခြားသောပွဲစဉ်ရလဒ်များတွင် အမေရိကန်က ဂီနီအသင်းကို သုံးဂိုး- ဂိုးမရှိ၊ အာဂျင်တီးနားက ယူကရိန်းကို နှစ်ဂိုး- ဂိုးမရှိ၊ မော်ရိုကိုက အီရတ်ကို သုံးဂိုး - ဂိုးမရှိ၊ အီဂျစ်က စပိန်ကို နှစ်ဂိုး - တစ်ဂိုး၊ ပါရာဂွေးက မာလီကို တစ်ဂိုး - ဂိုးမရှိ၊ ဂျပန်က အစ္စရေးကို တစ်ဂိုး - ဂိုးမရှိဖြင့် နိုင်ပွဲအသီးသီးရရှိခဲ့ပြီး ဒိုမီနီကန်နှင့် ဥဇဘက်ကစ္စတန်အသင်း ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေကျခဲ့သည်။

**ယှဉ်ပြိုင်ကစားမည်**

ပါရီအိုလံပစ် ၂၀၂၄ အမျိုးသား ယူ -၂၃ ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ်တွင် ပြင်သစ်နှင့် နာမည်ကြီး အာဂျင်တီးနားအသင်း၊ မော်ရိုကိုနှင့် အမေရိကန်၊ ဂျပန်နှင့် စပိန်၊ အီဂျစ်နှင့် ပါရာဂွေးအသင်းတို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။ **အောင်ဇော်**




❖ *ကျောဖုံးမှ*

ပြတ်လပ်မှုမရှိစေရန်အတွက် သီလဝါဆိပ်ကမ်းဒေသရှိ သိုလှောင်ကန်စခန်းများ၌ ၂၀၂၄ ခုနှစ် ဩဂုတ်လ ဒုတိယပတ်ကုန်အထိ စက်သုံးဆီ ဖူလုံစွာသုံးစွဲနိုင်ရေး ကြိုတင်သိုလှောင်ဖြန့်ဖြူးလျက်ရှိပြီး ပြည်ပမှ စက်သုံးဆီတင်သင်္ဘောများ စဉ်ဆက်မပြတ်ဝင်ရောက်ရန် စီမံကြိုးကြပ်ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ အများပြည်သူများအနေဖြင့် မကြာမီစက်သုံးဆီပြတ်လပ်မည်ဆိုသည့် Online Media သတင်းများနှင့် ပြင်ပကောလာဟလသတင်းများကြောင့် စိုးရိမ်ကြောင့်ကြမှုဖြင့် လိုအပ်သည်ထက် ပိုမိုဝယ်ယူခြင်း၊ သိုလှောင်ထားရှိခြင်း၊ ဈေးနှုန်းမြှင့်တင်၍တစ်ဆင့်ပြန်လည်ရောင်းချခြင်းတို့ကို မပြုလုပ်ကြပါရန်၊ သုံးစွဲရန်လိုအပ်သည့်ပမာဏကိုသာ ဝယ်ယူသုံးစွဲကြပါရန်၊ အရောင်းဆိုင်များကိုလည်း စက်သုံးဆီရှိလျက် ရောင်းချမပေးခြင်းမျိုး မပြုလုပ်ကြစေရေး စနစ်တကျစိစစ်ကြပ်မတ်လျက်ရှိပါကြောင်းနှင့် လက်ရှိအခြေအနေများအရ စက်သုံးဆီပြတ်လပ်နိုင်မှုမရှိနိုင်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## *နိုင်ငံတကာသတင်း*

## အီရန်နိုင်ငံတွင် ခေါင်းဆောင် အစ္စမေးလ် ဟာနီယေး သတ်ဖြတ်ခံရကြောင်း ဟားမားစ်အဖွဲ့ပြော

**တီဟီရန် ဇူလိုင် ၃၁**

အီရန်နိုင်ငံ၏ မြို့တော် တီဟီရန်တွင် အစ္စရေး၏ တိုက်ခိုက်မှုကြောင့် ၎င်းတို့၏ နိုင်ငံရေးခေါင်းဆောင် အစ္စမေးလ်ဟာနီယေး **(ယာပုံ)** သေဆုံးသွားကြောင်း ဟားမားစ်အဖွဲ့က ပြောသည်။

၎င်းသည် ဗုဒ္ဓဟူးနေ့နံနက်ပိုင်းက သေနတ်ဖြင့် ပစ်ခတ်ခံရပြီး သေဆုံးသွားခြင်းဖြစ်ကြောင်း အီရန်တော်လှန်ရေး အစောင့်တပ်၏ ပြောကြားချက်ကို အီရန်နိုင်ငံပိုင်ရုပ်မြင်သံကြားက ကိုးကားဖော်ပြထားသည်။ ဟားမားစ်တို့သည် ဂါဇာကမ်းမြောင်တွင် အစ္စရေးတပ်မတော်နှင့် အပြင်းအထန်တိုက်ပွဲဖြစ်ပွားလျက်ရှိသည်။

ဟာနီယေးသည် ကာတာနိုင်ငံတွင် အခြေပြုနေထိုင်လျက်ရှိသော်လည်း အီရန်နိုင်ငံ၏ သမ္မတသစ် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ တက်ရောက်ရန် အင်္ဂါနေ့တွင် တီဟီရန်သို့ ရောက်ရှိနေကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**



## ဂျပန်နိုင်ငံ၌ အပူလျှပ်လူနာ ၁၂၀၀၀ ကျော်ရှိ

**တိုကျို ဇူလိုင် ၃၁**

ဂျပန်နိုင်ငံတစ်ဝန်း ဇူလိုင်လ နောက်ဆုံးပတ်အတွင်း အပူလျှပ်ခြင်းကြောင့် ဆေးရုံတက်ရသည့်လူနာပေါင်း ၁၂၆၆၆ ဦးရှိပြီး နိုင်ငံအတွင်း နေရာအများအပြားတွင် အပူချိန်မှာ ၃၉ ဒီဂရီဆဲလ်စီးရပ်စ် အထိရှိသည်။ အဆိုပါအရေအတွက်မှာ ဇူလိုင်လ တတိယအပတ်နှင့်နှိုင်းယှဉ်လျှင် ၃၅၀၀ တိုးလာကြောင်း မီးသတ်နှင့်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးအေဂျင်စီ၏အချက်အလက်များအရ သိရသည်။

တစ်ပတ်အတွင်း အပူလျှပ်လူနာဦးရေ ၁၀၀၀၀ ကျော်လွန်သည်မှာ ယခုနှစ်အတွင်း ပထမဆုံးအကြိမ်လည်းဖြစ်သည်။ အပူလျှပ်မှုကြောင့် လူနာ ၂၃ ဦး သေဆုံးခဲ့ပြီး ၈၀၆၈ဦးတွင်မူ အပျော့စားလက္ခဏာများသာ ခံစားရကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## ဆေးဝါးကုသရန် ဂါဇာမှ လူနာ ၈၅ ဦးကို ယူအေအီးသို့ပို့ဆောင်

**ဂျီနီဗာ ဇူလိုင် ၃၀**

ဂါဇာဒေသမှ နာမကျန်းလူနာနှင့် ဒဏ်ရာပြင်းထန်သည့်လူနာစုစုပေါင်း ၈၅ ဦးကို အထူးဆေးဝါးကုသမှုခံယူရန် ယူအေအီးနိုင်ငံ အဘူဒါဘီမြို့သို့ ကယ်တင်ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ယင်းဆေးဘက်ဆိုင်ရာကယ်ဆယ်မှုကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ယူအေအီးအစိုးရနှင့် ပူးပေါင်းကာ အခြားသောမိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ မြေထဲပင်လယ်အရှေ့ပိုင်းဆိုင်ရာ ဒေသတွင်းညွှန်ကြားရေးမှူး ဟာနန်ဘော့ခေးက လူနာများကို ဂါဇာဒေသမှ ကယ်တင်နိုင်ပြီး ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ခဲ့သည့်အတွက် ယူအေအီးအစိုးရကို ကျေးဇူးတင်ကြောင်း ပြောကြားသည်။

**ဆင်ဟွာ**

## ဟစ်ဇ်ဘိုလာ အကြီးတန်းတပ်မှူးကို ရှင်းလင်းသုတ်သင်နိုင်ခဲ့ကြောင်း အစ္စရေးပြော

**ဂျေရုဆလင် ဇူလိုင် ၃၁**

လက်ဘနွန်နိုင်ငံ၏ မြို့တော်ဘေရွတ်ကို ပစ်မှတ်ထားသည့် လေကြောင်းတိုက်ခိုက်မှုအတွင်း ဟစ်ဇ်ဘိုလာအကြီးတန်း တပ်မှူးတစ်ဦးကို သုတ်သင်ရှင်းလင်းနိုင်ခဲ့ကြောင်း အစ္စရေးတပ်မတော်က ထုတ်ပြန်ကြေညာထားသည်။

အင်္ဂါနေ့က ထုတ်ပြန်သော အဆိုပါကြေညာချက်တွင် အဆိုပါတပ်မှူးသည် စနေနေ့က အစ္စရေးသိမ်းပိုက်ထားသော ဂိုလန်ကုန်းမြင့်ဒေသတိုက်ခိုက်မှုအတွက် တာဝန်ရှိသူဖြစ်ကြောင်း ဖော်ပြထားသည်။

**၁၂ ဦး သေဆုံးခဲ့**

ယင်းတိုက်ခိုက်မှုကြောင့် ၁၂ ဦး သေဆုံးခဲ့သည်။ အစ္စရေးက အဆိုပါတိုက်ခိုက်မှုအတွက် ရှီးယားမွတ်စလင်အဖွဲ့ကို အပြစ်တင်ခဲ့ပြီး လက်တုံ့ပြန် တိုက်ခိုက်သွားမည်ဖြစ်ကြောင်း ကတိပြု ပြောကြားထားသည်။

**ဟစ်ဇ်ဘိုလာခေါင်းဆောင်၏ ညာလက်ရုံးဖြစ်**

ထို့ပြင် ၎င်းသည် ဟစ်ဇ်ဘိုလာခေါင်းဆောင် ဟာဆန် နာစရယ်လာ၏ ညာလက်ရုံးဖြစ်ကြောင်း အစ္စရေးတပ်မတော်က ပြောသည်။ တပ်မှူးသည် တိုက်ခိုက်မှုမှ လွတ်မြောက်ခဲ့ကြောင်းနှင့် ယင်းတိုက်ခိုက်မှုကြောင့် လူအချို့ထိခိုက်သေဆုံးမှုရှိခဲ့ကြောင်း ဟစ်ဇ်ဘိုလာသတင်းရင်းမြစ်များကို ကိုးကားပြီး အာရပ်မီဒီယာများတွင် ကိုးကားဖော်ပြထားသည်။

**စစ်ပွဲတစ်ခုစတင်ဖြစ်ပွားရန် မရည်ရွယ်**

အစ္စရေးသည် ၎င်းတို့၏ လက်တုံ့ပြန် တိုက်ခိုက်မှု ပြီးဆုံးပြီဖြစ်ကြောင်းနှင့် စစ်ပွဲတစ်ခုစတင်ဖြစ်ပွားရန် မရည်ရွယ်ကြောင်း အစ္စရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို အစ္စရေးမီဒီယာများက ကိုးကားဖော်ပြထားသည်။

**အင်န်အိတ်ချ်ကေ**




## အိန္ဒိယနိုင်ငံတွင် မြေပြိုမှုကြောင့် သေဆုံးသူ ၁၅၀ ကျော်ရှိလာ

**နယူးဒေလီ ဇူလိုင် ၃၁**

အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်တွင် ဇူလိုင် ၃၀ ရက်က မြေပြိုမှုများဖြစ်ပွားခဲ့ရာ သေဆုံးသူဦးရေမှာ ဇူလိုင် ၃၁ ရက်တွင် ၁၅၀ ကျော်ရှိလာပြီး ၁၀၀ နီးပါး ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဒေသအခွန်ဌာနမှ တာဝန်ရှိသူတစ်ဦးက ဆင်ဟွာသို့ ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နေဆဲဖြစ်သည်။ မြေပြိုမှုကြောင့်ဒဏ်ရာရရှိသူ ၁၄၀ ကျော်ကို ပြည်တွင်းဆေးရုံများသို့ ပို့ဆောင်ပေးခဲ့ပြီးဖြစ်သည်။ ထို့ပြင် ပျောက်ဆုံးနေသူ ၉၇ ဦးအနက် အမျိုးသား ၅၄ ဦးနှင့်အမျိုးသမီး ၄၃ ဦးပါဝင်သည်ဟု ဒေသခံရဲအရာရှိတစ်ဦးက ဆင်ဟွာသို့ ပြောသည်။

**ဆင်ဟွာ**

## မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီး တစ်ဦးအပါအဝင် အရပ်သား ကိုးဦး သေဆုံးဟု မဟုတ်မမှန်ရေးသား ဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၃၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ရှိ ရပ်ကွက်များ အတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်နက်ကြီး ၁၀ လုံးဖြင့် ပစ်ခတ်မှုကြောင့် သိမ်ဇရပ်ရွာလေးရပ်ကွက် (၇) လမ်းတွင် နေထိုင်သည့် ကိုယ်ဝန်လေးလလွယ်ထားရသည့် အမျိုးသမီး တစ်ဦးအပါအဝင် အရပ်သား ကိုးဦး သေဆုံးဟု သတင်းတု၊ သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

ငင်းသတင်းနှင့် ပတ်သက်၍ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ကျိုက်ထိုမြို့နယ်အတွင်း နယ်မြေလုံခြုံရေး လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သမားများနှင့်လည်း ထိတွေ့တိုက်ပွဲဖြစ်ပွားမှု မရှိကြောင်း၊ လက်နက်ကြီးဖြင့် ရပ်ကွက်များအတွင်း ပစ်ခတ်ခဲ့သည်ဆိုသည့် သတင်းမှာလည်း မှန်ကန်မှုမရှိကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများ အနေဖြင့် တပ်မတော်အပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်နှင့် ဒေသခံပြည်သူများ ထိတ်လန့်ကြောက်ရွံ့စေရန် ရည်ရွယ်ချက်များဖြင့် လူမှုကွန်ရက်တွင် မဟုတ်မမှန်သတင်းများ လွှင့်ဆော်ရေးသားဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာများနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်း

**ကျောက်ပန်းတောင်း ဇူလိုင် ၃၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူခြင်းဆိုင်ရာများနှင့် ပတ်သက်၍ အသိပေး ရှင်းလင်းဆွေးနွေးပွဲကို၊ ဇူလိုင် ၃၁ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန စကားဝါမြေခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဦးက အမှာစကားပြောကြားပြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးစိုးပိုင်က သန်းခေါင်စာရင်း ကောက်ယူရသည့်ရည်ရွယ်ချက်များ၊ သန်းခေါင်စာရင်း ကောက်ရမည့်သူများနှင့် သန်းခေါင်စာရင်း ထည့်မကောက်ရမည့်သူများ၊ သန်းခေါင်စာရင်းကောက်ယူရာတွင်ကောက်ယူရေးအဖွဲ့များ၏ မေးမြန်းမှုများကို မှန်ကန်ပြည့်စုံစွာ ဖြေကြားခြင်းဖြင့် ပူးပေါင်းပါဝင်ကူညီကြရန်၊ ထိုသို့မေးခွန်းများကို မှန်မှန်ကန်ကန် ဖြေဆိုကြမှသာလျှင် မိမိတို့ဒေသတွင်း ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများကို နိုင်ငံတော်မှ လိုအပ်သလို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး တက်ရောက်လာသည့် ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေး ဝန်ထမ်းများ၏ မေးမြန်းမှုများကို ပြန်လည်ရှင်းလင်း ဖြေကြားသည်။

ယင်းနောက် ဝန်ထမ်းများက သန်းခေါင်စာရင်း အသိပညာပေး လက်ကမ်းစာစောင် ၁၇၀ ကို ဖြန့်ဝေပေးကြသည်။

**နေအောင်(ပြန်/ဆက်)**

## ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများနေထိုင်သည့်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၃၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်အတွင်း ယာယီနေရပ်စွန့်ခွာသူများ နေထိုင်သည့်နေရာအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO အဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ ပင်လောင်းမြို့နယ်မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် PNO ပအိုဝ်းပြည်သူ့ စစ်တပ်ဖွဲ့ဝင်များက လက်နက်ကြီးများဖြင့် ပစ်ခတ်မောင်းထုတ်ခဲ့သည် ဆိုသည့် သတင်းမှာကောလာဟလသတင်း အမှားသာဖြစ်ကြောင်း၊ တပ်မတော်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် ယာယီနေရပ်စွန့်ခွာပြည်သူများအား စနစ်တကျကူညီစောင့်ရှောက်မှုများ၊ ထောက်ပံ့မှုများအပါအဝင် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို လူသားချင်းစာနာစိတ်အပြည့်ဖြင့် ကူညီဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါသတင်းမှာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပြည်သူများအကြား သွေးထိုးသပ်လျှိုနေသည့် သတင်းသာဖြစ်ကြောင်း သိရှိရသည်။




**သတင်းစဉ်**




**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | မြင့်စိုး |
| သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းများ | - | ကြည်ဝင်း၊ ဝင်းကျော်၊ နေဇာဇာထွန်း |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၈ - ၂၀၂၄

| စက်သုံးဆီ(လက်လီဈေးနှုန်းများ) | | |
|---|---|---|
| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
| ဒီဇယ်(တစ်လီတာ) | ၂၃၆၅ ကျပ် | ၂၄၄၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၇၇၀ ကျပ် | ၂၈၅၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၆၃၀ ကျပ် | ၂၇၁၀ ကျပ် |
| အောက်တိန်း ၉၅ | ၂၇၅၀ ကျပ် | ၂၈၃၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် ဇူလိုင် ၃၁**

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုနေမည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၂၇၁ | ၁၁၃၁၁၉၀၀ |
| MTSH | ၃၅၅၀ | ၃၅၀၀ | ၄၉၂၃ | ၁၇၄၁၀၂၀၀ |
| MCB | ၈၄၀၀ | ၈၄၀၀ | ၁ | ၈၄၀၀ |
| FPB | ၁၇၅၀ | ၁၈၀၀ | ၄၀၉၇ | ၇၁၇၄၆၀၀ |
| TMH | ၂၉၀၀ | ၂၉၀၀ | ၃ | ၈၇၀၀ |
| EFR | ၁၇၅၀ | ၁၈၀၀ | ၆၆၄ | ၁၁၆၂၅၅၀ |
| AMATA | ၄၇၀၀ | ၄၇၀၀ | ၁၄ | ၆၅၈၀၀ |
| MAEX | ၃၅၀၀ | ၃၅၀၀ | ၃၃၁ | ၁၁၅၈၅၀၀ |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန
## ဝန်ထမ်းလျှောက်လွှာခေါ်ယူခြင်း

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူး (၂၀)နေရာအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည် –

| စဉ် | ရာထူး/လစာနှုန်း | ရာထူးနေရာ | အနိမ့်ဆုံးပညာအရည်အချင်း |
|---|---|---|---|
| (က) | ဘူမိဗေဒလက်ထောက်(၂) ၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀ | (၈)နေရာ | သိပ္ပံဘွဲ့(ဘူမိဗေဒ) |
| (ခ) | စက်မှုကျွမ်းကျင်(၅)(လွန်တူး) ၁၆၂၀၀၀–၂၀၀၀–၁၇၂၀၀၀ | (၁၀)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ |
| (ဂ) | ရုံးအကူ ၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀ | (၂)နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူ |

၂။ အထက်ဖော်ပြပါရာထူးနေရာများအတွက် လျှောက်ထားသူများသည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ၂၀၂၄ ခုနှစ်၊ မေလ (၃၁)ရက်နေ့တွင် အသက်(၁၈)နှစ်ပြည့်ပြီး အသက် (၃၀)နှစ်မကျော်လွန်သူဖြစ်ရမည်။ ဝန်ထမ်းဖြစ်ပါက အသက်(၃၅)နှစ် မကျော်လွန်သူဖြစ်ပြီး လက်ရှိဌာနအကြီးအမှူး၏ ခွင့်ပြုချက်မူရင်းပါရှိရမည်။

(ဂ) ကျန်းမာရေးကောင်းမွန်ပြီး နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဃ) ဦးစီးဌာနတွင် တစ်ဆက်တည်း အနည်းဆုံး (၅)နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြုလက်မှတ်ရေးထိုးရမည်။

(င) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာ ဝန်ကြီးဌာနနှင့်အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

(စ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း(Removal) ခံရသူများ၊ ရာထူးခန့်ထားခြင်းမှ အမြဲတမ်းပယ်ဖျက်ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၃။ လျှောက်လွှာတွင် အောက်ဖော်ပြပါ အချက်များကို ပြည့်စုံစွာဖော်ပြရမည်–

(က) အမည် –

(ခ) နိုင်ငံသားစိစစ်ရေးကတ်အမှတ် –

(ဂ) မွေးသက္ကရာဇ်၊ အသက် –

(ဃ) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ –

(င) ပညာအရည်အချင်း၊ အောင်မြင်သည့်ခုနှစ်နှင့် အောင်မြင်ခဲ့သည့်ကျောင်း –

(စ) လျှောက်ထားလိုသည့်ရာထူး –

(ဆ) မိဘအမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်အမှတ်နှင့်၎င်းတို့၏အလုပ်အကိုင် –

(ဇ) ဝန်ထမ်းဖြစ်လျှင် အလုပ်အကိုင်၊ ဌာနနှင့်လုပ်သက် –

(ဈ) ဝန်ထမ်းမဟုတ်လျှင် အလုပ်သမားမှတ်ပုံတင်အမှတ် –

(ည) ဆက်သွယ်ရန် နေရပ်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်နှင့် E–mail–

၄။ လျှောက်လွှာနှင့်အတူ သက်ဆိုင်ရာ ရာထူးအလိုက် လိုအပ်သည့် အောက်ပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည် –

(က) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ အိမ်ထောင်စုလူဦးရေစာရင်းပုံစံ(၆၆/၆)မိတ္တူ

(ခ) ပညာအရည်အချင်းအောင်လက်မှတ်မိတ္တူ၊ အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင် လက်မှတ်မိတ္တူ (လူတွေ့ဖြေဆိုချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက သက်တမ်းရှိ အလုပ်သမား မှတ်ပုံတင်ကတ်ပြားမိတ္တူ၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်း၏ ခွင့်ပြုချက်မူရင်း (လူတွေ့ဖြေဆိုချိန်တွင် မူရင်းတင်ပြရမည်)

(ဃ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ရိုက်ကူးထားသော (၁"x ၁.၅") နောက်ခံ အပြာရောင် ရောင်စုံလိုင်စင်ဓာတ်ပုံ (၃)ပုံ (နောက်ကျောတွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားဖော်ပြရမည်)

(င) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁)လအတွင်း ထုတ်ပေးထားသော အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်နှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ မြို့နယ် ရဲစခန်း၏ ထောက်ခံချက်မူရင်း။

(စ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁)လအတွင်း ပြုလုပ်ထားသော ကျန်းမာရေးကောင်းမွန်ကြောင်း ဆေးထောက်ခံစာမူရင်း။

(ဆ) အခြားကျွမ်းကျင်မှုနှင့် လုပ်ငန်းအတွေ့အကြုံရှိပါက ခိုင်လုံသော အထောက်အထား မိတ္တူများ။

(ဇ) စာမေးပွဲဝင်ကြေးငွေ ကျပ် ၁၀၀၀/– ပေးသွင်းထားသည့် ငွေသွင်းချလန်မူရင်း။

၅။ လျှောက်ထားလိုသူများသည် လျှောက်လွှာပုံစံများအား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်–၁၉) www.mining.gov.mm တွင် ရယူ၍ လည်းကောင်း၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရုံးအမှတ်(၁၉)(B)၊ နေပြည်တော်တွင် လည်းကောင်း အခမဲ့လာရောက်ထုတ်ယူ၍ လျှောက်လွှာပါအချက်အလက်များအား ပြည့်စုံမှန်ကန်စွာ ဖြည့်စွက်လျှောက်ထားရမည်ဖြစ်ပါသည်။ လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ ရုံးအမှတ်(၁၉)(B)၊ နေပြည်တော်သို့ လိပ်မူပြီး လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှမှတ်ပုံတင်၍သော် လည်းကောင်း၊ (၂၃–၈–၂၀၂၄) ရက်နေ့အရောက် နောက်ဆုံးထားပေးပို့ လျှောက်ထားရပါမည်၊ လျှောက်လွှာပိတ်ရက်ထက် ကျော်လွန်ပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်မပြည့်စုံသော လျှောက်လွှာများ၊ သတ်မှတ်အရည်အချင်းနှင့်မကိုက်ညီသူများကို လက်ခံ ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/– (ကျပ်တစ်ထောင်တိတိ)ကို နီးစပ်ရာ မြန်မာ့စီးပွားရေး ဘဏ်မှတစ်ဆင့် နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်ရှိ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တု ရှာဖွေရေးဦးစီးဌာန၊ ငွေစာရင်းအမှတ် MD–011070 သို့ ပေးသွင်းရမည်ဖြစ်ပြီး စာရင်း အမှတ်အောက်ရှိ ကွက်လပ်တွင် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ လျှောက်ထားမည့် ရာထူးအမည်ဖော်ပြပြီး စာမေးပွဲဝင်ကြေးပေးသွင်းခြင်းဟုဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်ပါက လျှောက်လွှာပုံစံ(၁)စုံအား သက်ဆိုင်ရာဝန်ကြီးဌာန/ အဖွဲ့အစည်း၏ ခွင့်ပြုချက်ဖြင့် ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာနသို့ ပေးပို့လျှောက်ထားရမည်။

၈။ ဖြေဆိုခွင့်ရရှိသူ အမည်စာရင်းနှင့် ခုံအမှတ်တို့ကို သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန(ရုံးအမှတ်–၁၉) www.mining.gov.mm နှင့်ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ဌာနကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၉။ အပိုဒ်(၁)(က)ရှိ ရာထူးများသို့ လုပ်ငန်းလိုအပ်ချက်အရ အမျိုးသားများကို ဦးစားပေး ခန့်အပ်မည်ဖြစ်ပြီး လျှောက်ထားသူများသည် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ဘူမိဗေဒဘာသာရပ်မေးခွန်းများကို (၃၁–၈–၂၀၂၄) ရက်နေ့တွင် ရေးဖြေစာမေးပွဲ စစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲအောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေ စစ်ဆေးမှုပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ အပိုဒ်(၁)(ခ)(ဂ) ရှိ ရာထူးများသို့ လျှောက်ထားသူများသည် မြန်မာစာနှင့် အထွေထွေ ဗဟုသုတဘာသာရပ်မေးခွန်းများကို (၃၁–၈–၂၀၂၄) ရက်နေ့တွင် ရေးဖြေစာမေးပွဲစစ်ဆေးမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့နှုတ်ဖြေစစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၁၁။ ဖြေဆိုခွင့်ကတ်ပြားများကို (၂၈–၈–၂၀၂၄)ရက်နေ့၊ (၂၉–၈–၂၀၂၄) ရက်နေ့နှင့် (၃၀–၈–၂၀၂၄) ရက်နေ့များ၌ ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၊ အုပ်ချုပ်ရေးနှင့်စီမံရေးရာဌာနခွဲ၊ အုပ်ချုပ်ရေးဌာနစုတွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်ပြီး တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် (မူရင်း)၊ ဘွဲ့လက်မှတ် (မူရင်း)၊ နိုင်ငံသားစိစစ်ရေးကတ်(မူရင်း)များနှင့်မိမိလျှောက်ထားသည့် ရာထူးနှင့် သက်ဆိုင်သော စာရွက်စာတမ်း အထောက်အထားများနှင့်အတူ လာရောက်ထုတ်ယူရမည်ဖြစ်ပြီး မပါရှိပါက ဖြေဆိုခွင့်ကတ်ပြား ထုတ်ပေးမည် မဟုတ်ပါ။

၁၂။ အသေးစိတ်သိလိုပါက တယ်လီဖုန်းအမှတ်၊ ၀၆၇၃–၄၀၉၆၈၂၊ ၀၆၇၃–၄၀၉၆၉၅ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**ဘူမိဗေဒလေ့လာရေးနှင့်ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန**

## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## စိုက်ပျိုးရေးဒီပလိုမာနှင့်မွေးမြူရေးဒီပလိုမာပထမနှစ်သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ ၂၀၂၄–၂၀၂၅ ပညာသင်နှစ်၌ စိုက်ပျိုးရေးဒီပလိုမာသင်တန်း တက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား၊ သထုံ၊ မြောင်းမြ၊ ရွှေဘို၊ ပုသိမ်ကြီး၊ ပွင့်ဖြူ၊ သာယာဝတီ၊ ထားဝယ်၊ ဟဲဟိုး၊ မြစ်ကြီးနား၊ ဒီးမော့ဆို၊ ဘားအံ၊ လုံပီး၊ ကျောက်တော်၊ ဟုမ္မလင်း) တို့တွင် လျှောက်ထားနိုင်ပြီး မွေးမြူရေးဒီပလိုမာသင်တန်း တက်ရောက်လိုသူများသည် စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (ပျဉ်းမနား၊ ပုသိမ်ကြီး၊ ဟဲဟိုး၊ ပွင့်ဖြူ၊ သာယာဝတီ၊ သထုံ၊ မြစ်ကြီးနား၊ ဘားအံ၊ မြောင်းမြ) တို့တွင် လျှောက်ထားနိုင်သည်။

၂။ ဒီပလိုမာသင်တန်းများ၏ သင်တန်းကာလမှာ(၃)နှစ်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာ ထူးချွန်စွာအောင်မြင်သူသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်သို့လည်းကောင်း၊ မွေးမြူရေးဒီပလိုမာ ထူးချွန်စွာ အောင်မြင်သူသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (B.A.Sc) သင်တန်းသို့လည်းကောင်း တက်ရောက်ရန် ဝင်ခွင့်ဖြေဆိုခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားသူသည် အောက်ပါအရည်အချင်းများနှင့်ပြည့်စုံရမည်–

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) စိုက်ပျိုးရေးဒီပလိုမာသင်တန်းကို အခြေခံပညာအထက်တန်း KG+12 တက္ကသိုလ်ဝင်စာမေးပွဲကို ဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်များ ပါဝင်သည့် မည်သည့်ဘာသာတွဲများဖြင့်ဖြစ်စေ အောင်မြင်သူများလျှောက်ထားနိုင်သည်။

(ဂ) မွေးမြူရေးဒီပလိုမာသင်တန်းကို အခြေခံပညာအထက်တန်း KG+12 တက္ကသိုလ်ဝင်စာမေးပွဲတွင် ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူများ လျှောက်ထားနိုင်သည်။

(ဃ) လျှောက်လွှာပိတ်ရက် ၁၀.၉.၂၀၂၄ ရက်တွင် အသက် (၂၂)နှစ်ထက် မကြီးသူ ဖြစ်ရမည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်။

(က) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး ထောက်ခံချက် (မူရင်း)

(ခ) တက္ကသိုလ်ဝင်စာမေးပွဲ အမှတ်စာရင်း (မိတ္တူ) (ကျောင်းအပ်နှံသည့်အချိန်တွင် မူရင်းတင်ပြရမည်)

(ဂ) စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် ကျန်းမာရေးကောင်းမွန်ကြောင်း ဆရာဝန်၏ ထောက်ခံချက်

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်ရဲစခန်း(သို့) ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့၏ ထောက်ခံချက် (မူရင်း)

(င) လျှောက်ထားသူနှင့် မိဘနှစ်ပါး၏ နိုင်ငံသားစိစစ်ရေးကဒ် (မိတ္တူ)များနှင့် အိမ်ထောင်စုဇယား(မိတ္တူ)

(စ) လိုင်စင်ဓာတ်ပုံ (နောက်ခံအပြာရောင်ဖြင့်) (၅)ပုံ

၅။ လျှောက်လွှာများကို မိမိတက်ရောက်လိုသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံသို့ ၁၀.၉.၂၀၂၄ ရက်ထက် နောက်မကျစေဘဲ တိုက်ရိုက်ပေးပို့ လျှောက်ထားရမည်။ သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မပြည့်စုံသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၆။ ဝင်ခွင့်လျှောက်လွှာများကို အထက်ဖော်ပြပါ နီးစပ်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံများတွင် အခမဲ့ရယူ လျှောက်ထားနိုင်သည်။

၇။ တက်ရောက်ခွင့်ရရှိသူများနှင့် ကျောင်းဖွင့်လှစ်မည့်ရက်အား သက်ဆိုင်ရာစိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းများမှ ထပ်မံအကြောင်းကြားမည်ဖြစ်ပါသည်။

၈။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ် ၀၆၇–၃၄၁၀၅၈၈ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**စိုက်ပျိုးရေးဒီပလိုမာနှင့် မွေးမြူရေးဒီပလိုမာ ဝင်ခွင့်လျှောက်လွှာ**

၁။ လျှောက်ထားသူ၏အကြောင်းအရာ

| အကြောင်းအရာ | | အမည် | နိုင်ငံသားစိစစ်ရေးကဒ်ပြားအမှတ် |
|---|---|---|---|
| လျှောက်ထားသူ | မြန်မာ | | |
| | အင်္ဂလိပ် | | |
| ဖခင် | | | |
| မိခင် | | | |
| မိဘကွယ်လွန်ပြီးဖြစ်ပါက အုပ်ထိန်းသူ | | | |

၂။ လျှောက်ထားသူ၏မွေးသက္ကရာဇ် ---------------- ခုနှစ်၊ ---------------------------------- လ၊ ----- ရက်

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ခဲ့သည့် ခုနှစ်/စာစစ်ဌာန ------------တိုင်းဒေသကြီး/ပြည်နယ်------------------

၄။ ဆက်သွယ်ရန်လိပ်စာ၊ ဖုန်းနံပါတ် ---------------------------------------------------------------------------

၅။ လျှောက်ထားလိုသော ဒီပလိုမာသင်တန်းအမည် -------------------------------------------------------------

၆။ တက်ရောက်လိုသော စိုက်ပျိုးရေးနှင့်မွေးမြူရေးသိပ္ပံကျောင်းအမည် ----------------------------------------

------------------

(လျှောက်ထားသူလက်မှတ်)

ရက်စွဲ -------------------

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃)၊ ရှင်ထွေးညီလမ်း၊ မြေကွက်အမှတ်(၄၂၇)၊ အကျယ်အဝန်း (၄၅ပေ× ၆၀ပေ)ရှိ ဦးတင်ထွဋ် (CL-000935) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်မေနိုင်ဝင်း (၁၂/ဒဂရ(နိုင်)၀၀၃၃၇၈၇)ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၃၆၈၈)
Ph,09421746974

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ မုဒိတာလမ်း၊ မြေကွက်အမှတ် (၁၀၃၅)၊ အကျယ်အဝန်း(၄၀ပေ x ၆၀ပေ)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်အနက်မှ အခန်းအမှတ်–ပဉ္စမထပ်(၅ လွှာ)၊ မြေကွက်အမှတ်(၁၀၃၆)နှင့် ကပ်နေသောဘက်(ခြေရင်းခန်း)၊ အကျယ်အဝန်း(၁၇ပေ x ၅၄ပေ) ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးရဲသီဟတိုး (၁၂/ဗဟန (နိုင်)၀၉၉၁၇၇) ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးအောင်ကျော်လှိုင် LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၃၆၈၈)
Ph,09421746974

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## ပြင်ဦးလွင်မြို့
## ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀) ၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ ဈေးဆိုင်ခန်းနှင့် နှစ်ထပ်လူနေပွဲရုံတိုက်ခန်းအမှတ် A–15(က)အား လက်ရှိအမည်ပေါက်ပိုင်ဆိုင်သူ ဦးသူရဇော် ၁၄/ပသန(နိုင်)၂၁၄၅၈၅ ထံမှ ဒေါ်အေးကြူ ၉/မမန(နိုင်)၀၁၉၃၇၉ သည် ၂၈–၇–၂၀၂၄ ရက်တွင် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှု အာမခံစာအုပ်၌ အမည်ပြောင်းလဲ လျှောက်ထားတင်ပြလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာ သည့်ရက်မှစ၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည် –

| စဉ် | အမည် | တိုက်ခန်းအမှတ် |
|---|---|---|
| – | ဒေါ်အေးကြူ ၉/မမန(နိုင်)၀၁၉၃၇၉) | A – 15 (က) |

၂။ သတ်မှတ်ရက်ထက်ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

## မြို့နယ်စည်ပင်သာယာရေးအဖွဲ့
## ပြင်ဦးလွင်မြို့
## ကန့်ကွက်လွှာခေါ်ယူခြင်း

၁။ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ သီရိပဒေသာယာဉ်ရပ်နားစခန်း၊ ဈေးဆိုင်ခန်းနှင့် နှစ်ထပ်လူနေပွဲရုံတိုက်ခန်းအမှတ် A–8(က)/(ခ)အား လက်ရှိအမည်ပေါက် ပိုင်ဆိုင်သူ ဦးအောင်မျိုး ၇/ကပက(နိုင်)၀၇၃၅၀၈ ထံမှ ဒေါ်ဝင်းပပထွန်း ၁၂/ဥကမ(နိုင်)၁၅၆၂၈၇ သည် ၁၅–၇–၂၀၂၄ ရက်တွင် ဝယ်ယူခဲ့ပြီး ဖြစ်ပါသဖြင့် ပိုင်ဆိုင်မှု အာမခံစာအုပ်၌ အမည်ပြောင်းလဲ လျှောက်ထားတင်ပြလာခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက မည်သူမဆို အထောက်အထားအပြည့်အစုံဖြင့် ဤကြော်ငြာသည့်ရက်မှစ၍ (၁၄) ရက်အတွင်း လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ စာဖြင့်ရေးသား၍ဖြစ်စေ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည် –

| စဉ် | အမည် | တိုက်ခန်းအမှတ် |
|---|---|---|
| – | ဒေါ်ဝင်းပပထွန်း ၁၂/ဥကမ(နိုင်)၁၅၆၂၈၇ | A – 8 (က) / (ခ) |

၂။ သတ်မှတ်ရက်ထက် ကျော်လွန်လက်ခံရရှိသော ကန့်ကွက်လွှာများနှင့် ပြည့်စုံတိကျမှုမရှိသော ကန့်ကွက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ကြောင်းနှင့် သတ်မှတ်ကာလကျော်လွန်ပါက ပိုင်ဆိုင်မှုအာမခံစာအုပ်၌ အမည်ပြောင်းလဲနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**သစ်ပင်နည်းလာ တို့ကမ္ဘာ လွန်စွာပူအေး ဥတုဘေး**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၄-၂၀၂၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် သာမန်အသုံးစရိတ်မှ လုပ်ငန်းသုံးလုံခြုံမှုအဆင့်အတန်းဝင်ပစ္စည်း(၅)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူခြင်းတို့အတွက် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**လုပ်ငန်းသုံးလုံခြုံမှုအဆင့်အတန်းဝင်ပစ္စည်း(၅)မျိုး**

(က) **Chip ပါသော Smart Card**
- (၁) PVC card(chip)
- (၂) Colour Ribbon (YMCK–UV)
- (၃) ART Retransfer Film
- (၄) Holographic Film

(ခ) ယာဉ်ဓါတ်ပုံပါ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် (Registration Certificate of a Motor Vehicle–RCMV)

(ဂ) ယာဉ်စစ်ဆေးပြီးကြောင်း သက်သေခံအထောက်အထား (Vehicle Inspection Sticker–VIS)

(ဃ) **Holograms**
- (၁) "သ"အမောင်းသင်လိုင်စင် တွင် အသုံးပြုသည့်(Hologram)
- (၂) "က၊ ဌ၊ ဟ၊ စ" လိုင်စင် များတွင် အသုံးပြုသည့် (Hologram)
- (၃) ယာဉ်ဓါတ်ပုံမပါ မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်(မော်တော် ဆိုင်ကယ်၊ ထရော်လာဂျီ၊ သုံးဘီး) တွင် အသုံးပြုသည့် (Hologram)
- (၄) မော်တော်ယာဉ်မှတ်ပုံတင်စာအုပ် (မော်တော်ဆိုင်ကယ်၊ ထရော်လာဂျီ၊ သုံးဘီး)တွင် အသုံးပြုသည့် (Hologram)
- (၅) ယာဉ်ဓါတ်ပုံပါ မော်တော်ယာဉ်မှတ်ပုံတင် သက်သေခံလက်မှတ်တွင် အသုံးပြုသည့် (Hologram)
- (၆) မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်တွင် အသုံးပြုသည့် (Hologram)

(င) **ယာဉ်မောင်းစစ်အဖြေလွှာများ**
- (၁) OMR Form(စိတ်အခြေအနေ)
- (၂) OMR Form (ယာဉ်/လမ်းစည်းကမ်း)

၂။ တင်ဒါခေါ်ယူသည့်အကြောင်းအရာနှင့် စံချိန်စံညွှန်းအရည်အသွေးသတ်မှတ်ချက်များ၊ တင်ဒါ တင်သွင်းသူ၏ အရည်အချင်းဆိုင်ရာ လိုအပ်ချက်များ၊ တင်ဒါစာရွက်စာတမ်းများအတွက် ကျသင့်သည့် ဈေးနှုန်း၊ တင်ဒါတင်သွင်း ရမည့် နည်းလမ်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၂၉)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကိုလည်း ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်–

| | | |
|---|---|---|
| (က) **တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက်** | – | (၁-၈-၂၀၂၄) ရက်မှ (၂၁-၈-၂၀၂၄) ရက်အထိ |
| (ခ) **တင်ဒါတင်သွင်းရမည့်ရက်** | – | (၁-၈-၂၀၂၄) ရက်မှ (၂၁-၈-၂၀၂၄) ရက်အထိ (ရုံးချိန်အတွင်း) |
| (ဂ) **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | – | (၂၁-၈-၂၀၂၄)ရက် (ဗုဒ္ဓဟူးနေ့) နေ့လည် (၁၄:၀၀)နာရီ |
| (ဃ) **တင်ဒါဖွင့်လှစ်မည့်ရက်** | – | (၃-၉-၂၀၂၄)ရက် (အင်္ဂါနေ့) နံနက် (၁၀:၀၀)နာရီ |
| (ဆ) **တင်ဒါဖွင့်လှစ်မည့်နေရာ** | – | ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(အစည်းအဝေးခန်းမ)၊ ရုံးအမှတ်(၂၉)၊ နေပြည်တော် |

၃။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ Website www.motc.gov.mm နှင့် ကုန်းလမ်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ Website www.rtad.gov.mm၊ www.myanmarrtad.com တွင်လည်း ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊**
**ဖုန်း– ၀၆၇-၄၀၅၁၆၅၊ ၀၆၇-၄၀၅၀၉၈**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၁၀)၊ ကွင်း/အကွက်အမှတ် ၁/ပဒေသာ)၊ ဦးပိုင်အမှတ် (၆)၊ မြေဧရိယာ (၀.၁၁၀)ဧကရှိ မြေကွက်အား မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားနိုင်ရေး ဒေါ်ရွှေစင်မြင့်မြတ် (၁/မကန(နိုင်)၁၈၅၉၇၀)မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် မ-၃၉၊ ဦးပိုင်အမှတ်(၇)၊ ၅၂x၅၃လမ်းကြား၊ ၄၂x၄၃လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်နီ ၏(SP ရရှိသူ ဒေါ်လော်ကျွင်းလိန်)ထံမှ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်အမှတ် (၂၃၁၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်လော်ရှောင်လန် ၁၃/လကန(နိုင်)၀၀၅၅၄၅က အမှုတွဲအမှတ် (၂၅၄၀/ ၂၀၂၄-၂၀၂၅) ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၀/ မြို့မမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၁၁၅)ရှိ မြေကွက်အမှတ်( ပ-၂၁၇၇၉) အမည်ပေါက် ဒေါ်သန်းသန်းဌေး (ဘ)ဦးကံညွန့် ၁၂/စခန(နိုင်)၀၁၁၃၇၄မှ ဦးချစ်မင်းထက်(ဘ)ဦးသာချို ၈/ရစက(နိုင်) ၁၇၆၆၉၅နှင့်မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအားဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့၊ ရွှေကူရပ်ကွက်၊ လမ်းရှည်လမ်း၊ အကွက်အမှတ်(၅)၊ အကွက်အမည်(ရွှေကူ)၊ ဦးပိုင်အမှတ်(၆၈က)၊ ဧရိယာ(၀ဒသမ၀၃၈)ဧကရှိ ဦးမြင့်ဆွေ အမည်ပေါက် ဘိုးဘပိုင်ခြံမြေကွက်အား အမည်ပေါက်ပိုင်ဆိုင်သူဖြစ်သော ဦးမြင့်ဆွေမှ မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းစာချုပ်အား စာချုပ် မှတ်ပုံတင်အမှတ် (၀၀၃/၂၀၂၄)ဖြင့် ဦးရဲလင်းထက်သို့ အပြီးအပိုင်လွှဲပြောင်းပေးကမ်းခဲ့ပြီးဖြစ်ပါသဖြင့် မြေကွက်ရရှိသူ ဦးရဲလင်းထက်မှ ၎င်းအမည်ဖြင့် ဘိုးဘပိုင် အမည်ပြောင်းလျှောက်ထားမှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း စာရွက်စာတမ်း အထောက်အထားပြည့်စုံစွာဖြင့် ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဘိုးဘပိုင်အမည်ပြောင်းအား ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရဲလင်းထက်**
**အမှတ်(၅၆-ဘီ)၊ လမ်းရှည်လမ်း၊ ရွှေကူရပ်ကွက်၊ ပြည်မြို့**

## အများသိစေရန် ကြေညာခြင်း

မြိတ်မြို့၊ ကန်ဖျားရပ်ကွက်၊ အကွက်အမှတ်(၅-ခ)၊ အကွက်အမည်ကန်ဖျားကွင်း၊ ဦးပိုင်အမှတ်(ခ/၃၈)၊ ဧရိယာ(၀ဒသမ၁၂၁)ဧကကို ဘိုးဘပိုင်အမည်ပြောင်းပေးရန် ဒေါ်စန်းဝေမှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၄ခုနှစ်၊ ဩဂုတ်လ ၂၈ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်မြေစာရင်းဦးစီးဌာန၊ မြိတ်မြို့**

## အမည်ပြောင်း

ထားဝယ်မြို့၊ကျောက်မော်ရပ်နေ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးတွင် တာဝန်ထမ်းဆောင်နေသောရဲဒုတပ်ကြပ်စိုးပြည့်အောင်နှင့် ဒေါ်တင် တင်ပြုံးတို့၏သား မောင်ဖွဲ့သူရအောင်အား ယနေ့မှစ၍ မောင်ဖွဲ့ဉာဏ်ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ပတ်စ်ပို့ပျောက်ဆုံးခြင်း

ကျွန်တော် မောင်ကျော်ဇင်လတ် ၆/ထဝန(နိုင်)၁၅၁၃၈၄၏ ပတ်စ်ပို့နံပါတ်(MI 780959)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၆၈၀၃၄၀၅၀**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ငါးခုံးမစမ်း ကျေးရွာ၊ မြို့ရှောင်လမ်း၊ အကွက်အမှတ် (၂/၅)၊ ပေ (၃၀၀)၊ (၅၀)အကွက်အား ပိုင်ရှင် ဦးရွှေမန်း (၁၂/တတန(နိုင်)၀၃၁၂၇၇)မှ ကျွန်တော် ဦးမင်းဇော် (၁၂/တတန(နိုင်)၁၅၉၈၂၀)ထံသို့ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလ ၂ရက်တွင် နှစ်ဦးသဘောတူအရောင်းအဝယ်ပြုလုပ်ခဲ့ပါသည်။ ဤမြေကွက်၏ ပိုင်ရှင်မှာ ဦးမင်းဇော်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမင်းဇော် ၁၂/တတန(နိုင်)၁၅၉၈၂၀**
**တိုက်ကြီးမြို့၊ ဖုန်း-၀၉-၆၈၂၁၂၂၄၇၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ အောင်နန်းရိပ်သာ အနေက်ရပ်ကွက်၊ အကွက်အမှတ် ၅၇၅၊ ဦးပိုင်အမှတ် (၉၁-က)၊ ၃၁လမ်း၊ ၈၅x၈၆လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးစံ(ခ)ဦးစံထွေး၏ (SP ရရှိသူ ဦးသန်းလွင်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၆၆၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးကောင်းဆင့်လွင် ၉/ခအဇ(နိုင်)၀၃၆၄၂၂က အမှုတွဲအမှတ် (၀၃၁၅/ဘ(ပြောင်း)/၂၀၂၄-၂၀၂၅)ဖြင့် ဘိုးဘ/အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက် နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ် ၁၉၇၊ ဦးပိုင်အမှတ် ယခင် ၂-င၊ ယခု ၂ဆ/၂၄လမ်း၊ ၈၈x၈၉ ကြားရှိ ဒေါ်မြမြ၊ ဒေါ်ခင်ညိုအမည်ပေါက်ခွဲကျန် ဘိုးဘမြေကွက်အား ဒေါ်မြမြ(အပျိုဘ၀) ကွယ်လွန်၍ ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ တူမဖြစ်သော ဒေါ်ခင်ညို ၉/မနတ(နိုင်)၀၇၁၁၄၆က ဦးပိုင်ခွဲမိန့်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်နှင့် အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ၁၆-ရပ်ကွက်၊ ပါရမီကွန်ဒိုမီနီယမ်၊ (၈) ခန်းတွဲ (၆) ထပ်တိုက်၊ တိုက်အမှတ် (F)၊ အခန်းအမှတ် (၂၀၃)၊ ဒုတိယထပ်၊ ဧရိယာ (၈၉၃) စတုရန်းပေအကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအား မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဆောက်လုပ်ရေး ဝန်ကြီးဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ရင်သိန်း (ဘ) ဦးဘစိန် (၁၂/အစန(နိုင်)၀၂၆၆၀၄) တိုက်အမှတ် (F)၊ အခန်းအမှတ် (၂၀၃)၊ ဒုတိယထပ်၊ ပါရမီကွန်ဒိုမီနီယမ်၊ ၁၆- ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် နေထိုင်သူထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

| | |
|---|---|
| ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL) | ဒေါ်ခင်မြတ်သူ (H.G.P,LL.B.,D.M.L) |
| တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆) | တရားလွှတ်တော်ရှေ့နေ (စဉ်-၇၅၁၅) |
| ဖုန်း-၀၉-၅၁၇၁၄၃၃ | ဖုန်း-၀၉-၂၅၄၄၈၈၃၃၀ |

အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

## ဖောင်းကြွနံပါတ်ပြားမိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/12180 သည် ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး (တောင်ငူ)**

## အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဥသျှစ်ကုန်းကျေးရွာ အထက်တန်း(ခွဲ)ကျောင်း Grade-12 မှ ဦးခင်မောင်လေး၏သား မောင်ဂျိမ်း(စ်)ကာဗာ၏ အမည်မှန်မှာ မောင်ဂျိမ်း(စ်)ကာဘာ ဖြစ်ပါကြောင်း။

**မောင်ဂျိမ်း(စ်)ကာဘာ**

## ဖခင်အမည်မှန်

ထားဝယ်မြို့၊ ကြက်စားပြင်ရပ်နေ အလက(၂) Grade-2 မှ မောင်ကောင်းလင်းကျော်၏ ဖခင် ဦးဟိန်းလင်းဇော်၏ အမည်မှန်မှာ ဦးဟိန်းမင်းဇော် ဖြစ်ပါကြောင်း။

**ဦးဟိန်းမင်းဇော်**

## တစ်ဦးတည်းဖြစ်ကြောင်း

မိတ္ထီလာမြို့နယ်၊ အလက (သပြေကန်) Grade-5 မှ မသီရိဇော်၏ ဖခင် ဦးဇော်လင်း(ခ) ဦးဇော်လှိုင် ၉/မထလ (နိုင်) ၂၈၄၄၆၄မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးဇော်လင်း(ခ)ဦးဇော်လှိုင်**

## ပတ်စ်ပို့ပျောက်ဆုံးကြောင်း

ဦးစိုးဝင်း၏သမီး မငုဝါ ၁၄/ညတန(နိုင်)၂၅၄၈၉၄၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၅၂၅၉၀၄၇၅**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင် ရပ်ကွက်၊ အကွက် အမှတ် မ-၄၁၊ ဦးပိုင်အမှတ်(၂၀)၊ ၅၂xမန္တလေး-ပြင်ဦးလွင်လမ်းနှင့် ၄၁ x ၄၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြင့်မြင့်စန်း ၉/ပသက(နိုင်)၀၅၂၄၅၃က အမှုတွဲအမှတ် (၂၅၃၈/ ၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဆ) ရပ်ကွက်၊ အကွက်အမှတ် ဓဓ-၁၃၊ ဦးပိုင်အမှတ် ၄၆၊ လမ်း ၆၀၊ ၁၃၁ x ၁၃၂ လမ်းကြားရှိ တောဂရန်မြေ ကွက် အမည်ပေါက်သူ ဒေါ်စန်းနွဲ့ ၉/အမရ(နိုင်)၀၀၇၃၅၃ DI-၀၀၅၇၀၄ ၏ အထွေထွေကိုယ်စားလှယ် လွှဲစာအမှတ်(၁၇၈၉၈/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးဟွမ်ကျိန်ဖူ(ခ)ကျော်အောင် ၉/အမဇ(နိုင်)၀၂၂၀၅၄က တောဂရန်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## အမွေစား အမွေခံသမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁)၊ (၁၄) ထုံးဘိုရပ်၊ အိမ်အမှတ် - ၁၈/စ နေ ဦးကြားရုံး (ခ) ဦးဝင်းကျော်နှင့် ဒေါ်တင်တင်စုတို့၏ သမီးကြီးဖြစ်သူ မမွန်မွန်ကျော် ၉/ပဥလ(နိုင်)၀၇၀၅၇၆) သည် မိဘများ၏ ဆိုဆုံးမမှုကိုနာခံခြင်းမရှိ၊ မိဘများအပေါ် ကိုယ်စိတ်ဆင်းရဲစေသော ကိစ္စရပ်များကို အကြိမ်ကြိမ် ပြုလုပ်ခဲ့သည့်အပြင် ရန်သူသဖွယ် ပြုမူဆက်ဆံခဲ့သည့်အတွက် ယနေ့မှစ၍ သမီးကြီးဖြစ်သူ မမွန်မွန်ကျော် အား သွားနုတ္တသမီးအဖြစ် သတ်မှတ်ပြီးအမွေစားအမွေခံသမီးအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ပါကြောင်းနှင့် မိသားစုဝင် မဟုတ်တော့ သည့်အတွက် ၎င်းအနေဖြင့် အခွင့်အရေး/ တောင်းဆိုခွင့်တစ်စုံတစ်ရာ မရှိတော့သည့်အားလျော်စွာ ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှလည်း တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

| | |
|---|---|
| ဦးကြားရုံး(ခ) ဦးဝင်းကျော်၊ | ဒေါ်တင်တင်စု |
| ၉/ မမန(နိုင်)၀၂၀၁၂၁ | ၉/ မမန(နိုင်)၀၁၉၇၃၅ |

အိမ်အမှတ် - ၁၈/ခ၊ (၁၄) ထုံးဘိုရပ်၊ ရပ်ကွက်ကြီး(၁)၊ ပြင်ဦးလွင်မြို့

## ဦးဇေယျာစိုး (၈/ပခက(နိုင်)၂၄၄၁၉၄)နှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကမ်းနားအလယ်ရပ်ကွက်၊ ခေမာတောင်(၂)လမ်း၊ အမှတ်(ခ/၂၄)နေ ဒေါ်ယဉ်မျိုးသန့် ၁၂/အစန(နိုင်)၂၁၄၂၁၃၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

ဦးဇေယျာစိုးနှင့် ဒေါ်ယဉ်မျိုးသန့်တို့သည် ဗမာလူမျိုး၊ ဗုဒ္ဓဘာသာဝင်များဖြစ်ကြပြီး (၇-၁၂-၂၀၁၅)ရက်မှစ၍ တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပြီး သား(၂)ဦး ထွန်းကားခဲ့ပြီးနောက် ဦးဇေယျာစိုးသည် ကြီးမားသောငွေရေးကြေးရေး အရှုပ်အရှင်းပြဿနာများ တစ်ကြိမ်မက ဖန်တီးကာ ဇနီးဖြစ်သူနှင့် မိသားစုဝင်များအား တစ်စုံတစ်ရာ ပြောဆိုခြင်းမရှိဘဲ နေအိမ်မှ ၎င်း၏သဘောဆန္ဒအတိုင်း ထွက်ခွာသွားခဲ့ပါသည်။ ယနေ့အချိန်အထိ ၎င်း၏ပြဿနာများကို ဇနီးဖြစ်သူ၏ မိဘများမှ တာဝန်ယူဖြေရှင်းပေးနေရပါသည်။ သို့ပါ၍ ဇနီးဖြစ်သူ ဒေါ်ယဉ်မျိုးသန့်အနေဖြင့် ဦးဇေယျာစိုးအား လင်ယောကျာ်းအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ယနေ့မှစ၍ လင်ခန်းမယားခန်းပြတ်စဲကြောင်း ဦးဇေယျာစိုး ၈/ပခက(နိုင်)၂၄၄၁၉၄ နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ယဉ်မျိုးသန့်အနေဖြင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့်အညီ ဦးဇေယျာစိုးအား လင်မယားအဖြစ်မှ ပြတ်စဲကြောင်း တရားဝင် ဆန္ဒထုတ်ဖော်ပြီးဖြစ်၍ နောက်နောင်တွင် ဦးဇေယျာစိုးနှင့် ပတ်သက်သည့် ကိစ္စရပ်များသည် ဒေါ်ယဉ်မျိုးသန့်နှင့် သက်ဆိုင်ခြင်းမရှိပါကြောင်းနှင့် ဦးဇေယျာစိုးနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
**ဒေါ်ရွှေဇင်အိ(LL.B,D.B.L,D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၇၉၂/၂၀၂၃)**
**တိုက်-၃၉၀/၄၊ စက်မှု(၁)လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၀၀၉၇၀၇၃**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ယ-၅၊ ဦးပိုင်အမှတ် ၅၉ ခဲစင်းတောင်ခြမ်း + မြောက်ခြမ်း၊ ၆၉လမ်း၊ မြဝတီမင်းကြီး လမ်းx၁၁၃ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်လေးဆွေ ၉/မရတ(နိုင်)၀၀၅၆၁၀၏ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ် (၉၁၆၂/၂၀၁၉)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်ယဉ်ယဉ်မူ ၉/မရတ(နိုင်)၀၀၅၆၁၂က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ် စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## မွေးသက္ကရာဇ်အမှန်

ဦးသန်းလှိုင်၏ သမီး ကျိုင်းတုံမြို့၊ အထက(၆) မှ ဒု-မူလတန်းပြ ဆရာမ ဒေါ်နော်အဲလစ်ဇဘက် ၏ မွေးသက္ကရာဇ်အမှန်မှာ (၃၀-၆-၁၉၈၃) ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

မော်လမြိုင်ကျွန်းမြို့၊ အထက (၁) Grade-7(A)မှ မမဥ္ဇူသင်း၏ ဖခင်အမည်မှန်မှာ ဦးတင်စန်း ၁၄/မမက(နိုင်) ၀၁၈၉၁၈ ဖြစ်ပါကြောင်း။

**ဦးတင်စန်း**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ကမာရွတ်၊ အထက (၅)၊ Grade-12(B)မှ မောင်ကျော်ဇင်သွေး၏ ဖခင်အမည်မှန်မှာ ဦးတင်စန်း ၁၄/မမက(နိုင်)၀၁၈၉၁၈ ဖြစ်ပါကြောင်း။

**ဦးတင်စန်း**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့နယ်၊ အင်းမမြို့၊ သီရိကန်သာရပ်ကွက်၊ခလရ(၈၀)နေ မောင်အောင်ကိုဖြိုး(ဘ)ဦးဇော်လွင်၏ အမည်မှန်မှာ မောင်အေးချမ်းဖြိုး ဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်မှာ ၁၄-၆-၂၀၀၇ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 12W/90088, Yamaha DT 125 R ယာဉ်လက်ဝယ်ရှိသူ ဦးချစ်ထူ ၁၃/တခလ(နိုင်)၀၃၄၁၈၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(တာချီလိတ်)**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇ ရပ်ကွက်၊ အကွက်အမှတ် နန-၁၁၊ ဦးပိုင်အမှတ် ၁၇၊ ၆၀.A x ၆၀.B ကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းအေး ၁၃/နခန(နိုင်)၀၃၅၇၁၄၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၅၄၈၉/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်ထူး ၉/ပကခ(နိုင်) ၀၁၅၁၈၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဇ ရပ်ကွက်၊ အကွက်အမှတ် နန-၁၁၊ ဦးပိုင်အမှတ် ၃၂၊ ၆၀.Ax၆၀.Bကြား၊ ၁၃၂x၁၃၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်သန်းအေး ၁၃/နခန(နိုင်) ၀၃၅၇၁၄၏ အထူးကိုယ်စားလှယ်လွှဲစာ အမှတ် (၅၄၈၄/၂၀၂၃)ဖြင့် လွှဲအပ်ခြင်းခံရသူ ဦးတင်ထူး ၉/ပကခ(နိုင်) ၀၁၅၁၈၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ ရပ်ကွက်၊ အကွက်အမှတ် ဟ-၈၊ ဦးပိုင်အမှတ် ၉၄၊ ၆၅ x ၆၇လမ်း ကြား၊ ကျန်စစ်သားနှင့် ပျူစောထီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင်၊ ဒေါ်ခင်အေးတို့၏ (SP ရရှိသူ ယူအေဘီဘဏ်လီမိတက်၏ကိုယ်စား (၂၈-၁၂-၂၀၂၃)ရက်တွင် ပြုလုပ်သော ကုမ္ပဏီအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီမန်နေဂျာ ဒေါ်ခိုင်ဆုဝေမှ တာဝန်ယူလက်မှတ်ထိုးသည်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၃၄၃/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးရင်ကွယ်ချိန်း ၉/ပဥလ(နိုင်)၀၂၄၂၀၆၊ ဒေါ်မေသူအောင် ၉/ခမစ(နိုင်)၀၅၆၈၂၄တို့က အမှုတွဲအမှတ် (၂၅၂၄/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီးကုန်းရပ်ကွက်၊ အကွက်အမှတ် ၅၁၆-က/၁၀၊ ဦးပိုင်အမှတ်(၉)/ ၇၃လမ်း၊ ယာယီကားကြီးဝင်းမြောက်ဘက်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးကျော်ကျော်ဝင်း(ခ)ရန်ကွေ့ယုံ၏(SP ရရှိသူ ဒေါ်ခင်သွယ်ဦး) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်(၂၀၅၀/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်မာဆောင်း(ခ)ဒေါ်မေစီ ၉/မနမ(နိုင်) ၀၉၁၀၄၆က အမှုတွဲအမှတ် (၂၅၁၅/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ခ ရပ်ကွက်၊ အကွက်အမှတ် ဟ-၈၊ ဦးပိုင်အမှတ် ၉၅၊ ၆၅ x ၆၇လမ်း ကြား၊ ကျန်စစ်သားနှင့် ပျူစောထီးလမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးမောင်မောင်၊ ဒေါ်ခင်အေးတို့၏ (SP ရရှိသူ ယူအေဘီဘဏ်လီမိတက်၏ကိုယ်စား (၂၈-၁၂-၂၀၂၃)ရက်တွင် ပြုလုပ်သော ကုမ္ပဏီအစည်းအဝေးဆုံးဖြတ်ချက်အရ ကုမ္ပဏီမန်နေဂျာ ဒေါ်ခိုင်ဆုဝေမှ တာဝန်ယူလက်မှတ်ထိုးသည်)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၃၄၄/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးရင်ကွယ်ချိန်း ၉/ပဥလ(နိုင်)၀၂၄၂၀၆၊ ဒေါ်မေသူအောင် ၉/ခမစ(နိုင်)၀၅၆၈၂၄တို့က အမှုတွဲအမှတ် (၂၅၁၇/၂၀၂၄-၂၀၂၅)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**

**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မှန်တန်းရပ်ကွက်၊ အကွက်အမှတ် ၆၀၃-က၊ ဦးပိုင်အမှတ်(၅/၆၀၈-ခဲစင်း)၊ စစ်ကိုင်း-မန္တလေးလမ်းအနောက်ဘက်ခြမ်း(၂)ကွက်ငုပ် ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ကျင်မြင့်(ခ)ဒေါ်မြင့်မြင့်၏ (SP ရရှိသူ ဦးစိုးကောင်တိုင်း) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၃၁/၂၀၂၄)ဖြင့်ဝယ်ယူခဲ့သူ ဦးသက်လွင်ဦး ၉/ခမစ(နိုင်) ၀၄၂၅၄၁က အမှုတွဲအမှတ်(၂၅၂၈/၂၀၂၄-၂၀၂၅)ဖြင့် ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဘုန်းတော်တိုးရပ်ကွက်၊ အကွက်အမှတ် ၄၁၊ ဦးပိုင်အမှတ် ၁၀၉-က/ခဲစင်းတောင်ခြမ်း၊ ၁x၂ လမ်းကြား၊ ၆၅ F လမ်းရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မြမြဝင်း ၉/မနမ(နိုင်)၀၀၂၁၇၇ က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မေဃာဂီရိရပ်ကွက်၊ အကွက်အမှတ် ၁၄၂၊ ဦးပိုင်အမှတ် ၇၅-က၊ ၈၀x၈၁ကြား၊ ၁၇x၁၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်မီမီမောင် ၉/မရမ(နိုင်) ၀၇၂၁၀၉က ဂရန်စာချုပ်တင်ပြ၍ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံမြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရွှေတိဂုံစေတီတော်

**ပစ္စယာရုစ်မြောင့်ရှိ ရွှေဆိုင်းချကပ်ထားသော ဓရိယာများအား**
**ရွှေသင်္ကန်းတော်ကပ်လှူခြင်း လုပ်ငန်းဆောင်ရွက်ရန်**
**အဆိုပြုလွှာ ဖိတ်ခေါ်ခြင်း**

ရွှေတိဂုံစေတီတော် ပစ္စယာရုစ်မြောင့်ရှိ ရွှေဆိုင်းချကပ်ထားသော ဓရိယာများအား ရွှေသင်္ကန်းတော်အသစ် ဆက်ကပ်လှူဒါန်းမည် ဖြစ်ပါသည်။ ရွှေချွတ်/ရွှေချလုပ်ငန်း ဆောင်ရွက်လိုသူများသည် လုပ်ငန်းအဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်တစ်စုံလျှင် ငွေကျပ် ၃၀,၀၀၀/-(ကျပ်သုံးသောင်းတိတိ)ဖြင့် ဝယ်ယူပြီး ၂၀-၈-၂၀၂၄(အင်္ဂါနေ့) (၁၃၀၀)နာရီ အချိန် နောက်ဆုံးထား၍ အဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြော်ငြာအပ်ပါသည်။ အသေးစိတ် အချက်အလက်များအား ဖုန်း - ၀၁၈-၃၇၅၇၆၇၊ ၀၁၈-၃၈၃၅၁၂ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ရုံး

**ဝါးယား၊ အုန်းဆံကြိုး၊ နီးအူဖျာနှင့်နီး ဝယ်ယူရန် ဈေးပြိုင်(တင်ဒါ)ကြော်ငြာ**

